# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၈၇)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်

၂၀၁၄ ခုနှစ်၊ မေ ၅ ရက်၊ စနေနေ့။


**ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့**

# အာရှဖွံ့ဖြိုးရေးဘဏ်ကူညီပေးခဲ့သည့် ငွေကြေးဖြင့် ကျေးလက်ရောက်အောင်ဓာတ်အားလိုင်းများဆောင်ရွက်မည်

**နေပြည်တော် မေ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr.Takehiko Nakao ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအနေဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုများကြောင့် နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမှု၊ နိုင်ငံ၏ကြွေးမြီအဟောင်းများပြန်ဆပ်ပြီး ကြွေးမြီသစ်များထုတ်ချေးနိုင်အောင် ကူညီဆောင်ရွက်ပေးခဲ့မှု၊ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က ကူညီပေးခဲ့သည့် ငွေကြေးဖြင့် ကျေးလက်ဒေသအထိ မဟာဓာတ်အားလိုင်းရောက်ရှိအောင် ဆောင်ရွက်မည့်အစီအစဉ်၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးဝန်ဆောင်မှု၊ ပညာရေး၊ ကျန်းမာရေး၊ အစိုးရဝန်ထမ်းများ စွမ်းရည်မြှင့်တင်ရေးစသည့် နယ်ပယ်များတွင် နည်းပညာအကူအညီများ ပေးအပ်နေမှု၊ မြန်မာနိုင်ငံ၏အနာဂတ်စီမံကိန်းများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားအပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ညှိနှိုင်းဆွေးနွေးနေမှု၊ လူ့စွမ်းအားအရင်းအမြစ်၊ အခြေခံအဆောက်အအုံများနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာလင်းအောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတဦးသိန်းစိန် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr.Takehiko Nakao အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

## ယနေ့ မာတိကာ


**သမ္မတအိုဘားမား ဂျပန်သို့လာရောက်မည်** စာ - ၅

**အမျိုးသားပညာရေး ဥပဒေကိုအမျိုးသားရေး အမြင်ဖြင့် ရှုမြင်ကြပါစို့** စာ - ၆

**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေပြဋ္ဌာန်း** စာ - ၁၅



**ကြော်ငြာအချပ်ပိုရှစ်မျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။


# သင်္ကြန်ကာလအတွင်း ရေဝတီမြစ်ဝကျွန်းပေါ် သင်္ဘောခရီးစဉ်ရပ်နားမည်

**သတင်း - မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် မေ ၄**

သင်္ကြန်ကာလ ရောက်ရှိတော့မည်။ သင်္ကြန်ပွဲတော်အတွက်ပြင်ဆင်မှုများလည်း ပြုလုပ်နေပြီ။ သင်္ကြန်ပွဲတော်ကာလအတွင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဖြစ်သည့် မြစ်ဝကျွန်းပေါ်ဌာနခွဲမှ ပြည်တွင်းရေကြောင်းပိုင်သင်္ဘောများ ပြေးဆွဲမှု ရပ်နားထားမည်ဖြစ်သည်။

"မကြာခင် ရောက်ရှိတော့မယ့် သင်္ကြန်ပွဲတော်ကာလဖြစ်တဲ့ ဧပြီ ၁၃ ရက်မှစပြီး ၁၇ ရက်အထိ ဧရာဝတီ မြစ်ဝကျွန်းပေါ်ကို ပြေးဆွဲနေတဲ့ ပြည်တွင်းရေကြောင်းပိုင် သင်္ဘောတွေကို ရပ်နားထားမှာဖြစ်ပါတယ်။ သင်္ကြန်ပွဲတော်ကာလ မရောက်မီ အထိတော့ နေ့စဉ်ပုံမှန်ပြေးဆွဲမှုတွေ ပြုလုပ်သွားမှာပါ" ဟု မြစ်ဝကျွန်းပေါ်ဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့ဆိပ်ကမ်းမှ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသို့ ပြေးဆွဲနေသော ပြည်တွင်းရေကြောင်းပိုင် သင်္ဘောစင်းရေမှာ ၅၆ စင်းရှိနေသည်။ ယင်းသင်္ဘောခရီးစဉ်များမှာ ရန်ကုန်-ဘိုကလေး၊ ရန်ကုန်-ဖျာပုံ၊ ရန်ကုန်-မြောင်းမြ၊ ရန်ကုန်-မော်ကျွန်း စသည့် ခရီးစဉ်များပြေးဆွဲလျက်ရှိသည်။



ပြည်တွင်းရေကြောင်းမှ မြစ်ဝကျွန်းပေါ်ဌာနခွဲတွင် နေ့စဉ်ခရီးသည်နှင့် ကုန်တင်သင်္ဘောများပြေးဆွဲမှုရှိနေသော်လည်း ခရီးသည်လိုက်ပါစီးနင်းမှု နည်းပါးလျက်ရှိသည်။ အများစုမှာ မော်တော်ယာဉ်များဖြင့်သာ သွားလာကုန်တင်ပို့ဆောင်လျက်ရှိသည်။ အချို့ခရီးသည်များမှာမူ သင်္ဘောခရီးစဉ်ကိုသာ အားထားလျက် စီးနင်းနေဆဲဖြစ်သည်။

ထို့အတူ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသို့ သင်္ကြန်ကာလအတွင်း သင်္ဘောခရီးစဉ်များ ရပ်နားထားသော်လည်း မော်တော်ယာဉ်လိုင်းများ နေ့စဉ်ပြေးဆွဲနေသဖြင့် ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားပြည်သူများအတွက် အကျိုးသက်ရောက်မှုထိခိုက်နိုင်မည်မဟုတ်ကြောင်း သိရသည်။

တစ်ဖန်လာမည့် သင်္ကြန်ပွဲတော်ကာလအတွင်း ပြည်တွင်းရေကြောင်းမှ ရန်ကုန်မြို့ရှိ ကူးတို့ခရီးစဉ်ငါးခုအနက် ဝါးတန်း-ဆိတ်ကြီးခနောင်တို ကူးတို့ယာဉ်ပြေးဆွဲမှုကို ရပ်ဆိုင်းထားမည်ဖြစ်သည်။ ကျန်သည့် ပန်းဆိုးတန်း-ဒလ ကူးတို့ခရီးစဉ်အပါအဝင် ကျန်ကူးတို့ခရီးစဉ်များကို ပိတ်ရက်မရှိပြေးဆွဲပေးသွားမည် ဖြစ်သည်။ သို့သော် သတ်မှတ်ခေါက်ရေလျှော့ပြီး ပြေးဆွဲရန်ရှိနေသည်။

ပြည်တွင်းရေကြောင်းမှ ဧရာဝတီမြစ်ဝကျွန်းပေါ် သင်္ဘောခရီးစဉ်များနှင့် ရန်ကုန်ကူးတို့ယာဉ်ခရီးစဉ်များကို ဧပြီ ၁၈ ရက်၌ ပုံမှန်ပြန်လည်ပြေးဆွဲမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# သင်္ကြန်နှင့်ကုန်ဈေးနှုန်း

နှစ်စဉ်နှစ်တိုင်း သင်္ကြန်ကာလသို့ ရောက်ပြီဆိုလျှင် ကုန်ဈေးနှုန်းတက်ရိပ်ပြလေ့ရှိပါသည်။ ကုန်ဈေးနှုန်းတက်ခြင်းသည် မကောင်းပါ။ ပြည်သူတစ်ရပ်လုံးခံစားရသည့်ကိစ္စဖြစ်ပါသည်။ သင်္ကြန်ကာလတွင် အခြေအနေအချိန်အခါအရ ဤဈေးနှုန်းလှုပ်ခတ်သော်လည်း တက်ပြီးကုန်ဈေးနှုန်းပြန်မကျခြင်းမှာ အဆိုးရွားဆုံးဖြစ်ပါသည်။ မြို့ကြီးများ၌ သင်္ကြန်ကာလဖြစ်ပေါ်ခဲ့သည့် ကုန်ဈေးနှုန်းသည် တစ်နိုင်ငံလုံးသို့ ပျံ့နှံ့ရိုက်ခတ်သွားပြီး ကုန်ဈေးနှုန်းဆက်တိုက်ကြီးမြင့်လာသည်ကို သတိပြုမိပါသည်။

ဤသင်္ကြန်ကာလအတွင်း ဈေးနှုန်းကြီးမြင့်ခြင်း၏ အဓိကအကြောင်းအချက်သုံးခုကို စဉ်းစားမိပါသည်။ ယင်းတို့မှာ စက်သုံးဆီများ ဈေးမြင့်လာခြင်း၊ ရောင်းလိုအားထက်ဝယ်လိုအားများခြင်း၊ လက်လီလက်ကားအရောင်းဆိုင်များနှင့် ဈေးများ ပိတ်ထားခြင်း စသောအကြောင်းတရားများကြောင့် ဖြစ်လိမ့်မည်ဟု ယူဆမိပါသည်။

နှစ်စဉ် သင်္ကြန်ကာလရောက်တိုင်း ရေပက်ခံမော်တော်ယာဉ်များနှင့်အပျော်ခရီးထွက်ယာဉ်များ ပိုမိုများပြားလာသည့်အလျောက် စက်သုံးဆီဈေးနှုန်းသည် အနည်းငယ်မြင့်တက်တတ်ပါသည်။ သို့သော် ယနေ့ခေတ်တွင် ထိုအခက်အခဲကို ကျော်လွှားနိုင်တော့မည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဟူမူ ပုဂ္ဂလိကတရားဝင်စက်သုံးဆီအရောင်းဆိုင်များနေရာအနှံ့ ဈေးနှုန်းမှန်ကန်မျှတစွာ အပြိုင်အဆိုင်ရောင်းချလာနိုင်ခြင်းကြောင့် ဖြစ်ပါသည်။ ယခင်က အစိုးရအရောင်းဆိုင်အချို့မှာ သင်္ကြန်ကာလပိတ်ထားသဖြင့် မှောင်ခိုဈေးကွက်ပေါ်ပေါက်စေကာ ဈေးနှုန်းတက်လာသည့်သဘောဖြစ်ပါသည်။

တစ်ဖန်လူတို့သည် သင်္ကြန်ကာလကို အကြောင်းပြု၍ ၁၀ ရက် ၁၅ ရက်စာ ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်အစရှိသဖြင့် ဝယ်ယူတတ်ကြ၍ ဝယ်လိုအားကိုမြင့်မားစေပြီး ရောင်းလိုအားနည်းကာ ကုန်ဈေးနှုန်းမြင့်တက်လာပါသည်။ ပုံမှန်အနေအထားအတိုင်း ဝယ်ယူစားသုံးမည်ဆိုလျှင် ကုန်ဈေးနှုန်းတက်လာစရာ အကြောင်းမရှိပါ။ ဤနေရာတွင် ရောင်းသူဝယ်သူ ကုန်ဈေးနှုန်းမမြင့်မားရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းရန် တာဝန်ရှိပါသည်။ ကုန်ဈေးနှုန်းမြင့်မားခြင်းသည် အားလုံးခံစားရမည့်ကိစ္စဖြစ်ပါသည်။

နောက်ဆုံးတစ်ချက်မှာ သင်္ကြန်ကာလအတွင်း အားလပ်ရက်အနားယူကြသည့်အလျောက် လက်လီလက်ကားနှင့်ဈေးအချို့ပိတ်ထားခြင်းကြောင့်လည်း ကုန်ဈေးနှုန်းမြင့်တက်လာသည်ကို သတိပြုမိပါသည်။ ဈေးများ ပိတ်ထားခြင်းသည် ဝယ်လိုအားကို ပိတ်ဆို့ထားသည့်အတွက် ကုန်စည်စီးဆင်းမှုနည်းပြီး ဈေးနှုန်းမြင့်မားမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ အကယ်၍သာ လက်လီလက်ကားဈေးများ ပိတ်ရက်မရှိ ဖွင့်ထားမည်ဆိုလျှင် ကုန်ဈေးနှုန်းမတက်နိုင်ပါ။ သင်္ကြန်ရက်များအတွင်း ဈေးရောင်းကားများဖြင့် လှည့်လည်ရောင်းချတတ်ပါသည်။ ယင်းကဲ့သို့ ဈေးရောင်းကားများ တိုးချဲ့ရောင်းချပေးမည်ဆိုလျှင် ကုန်ဈေးနှုန်းကြီးမြင့်မှုကို ကာကွယ်ရာရောက်ပါသည်။ အထူးသဖြင့် ရပ်ကွက်ဈေးများ ပိတ်ရက်မရှိဖွင့်ထားပေးမည်ဆိုလျှင် ပိုကောင်းပါသည်။ သို့ပါ၍ ကုန်ဈေးနှုန်းမတက်စေရေး၊ စက်သုံးဆီဈေးနှုန်းတည်ငြိမ်ရေး၊ စားကုန်ပစ္စည်းများ အလွန်အကျွံဝယ်ယူသိုလှောင်မှုမပြုရေးနှင့် ဈေးများ အဆက်မပြတ်ဖွင့်လှစ်ရေးတို့ကို သတိပြုဆောင်ရွက်သွားသင့်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# မူကြိုဆရာမများ အင်္ဂလိပ်စာအဆင့်မြင့်သင်တန်း အမှတ်စဉ်(၁)သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် မေ ၄**

လူမှုဝန်ထမ်းဦးစီးဌာနသည် လုပ်ငန်းစဉ်ကြီးရှစ်ခုအနက် ရှေ့ဦးအရွယ်ကလေးသူငယ်များ စောင့်ရှောက်ရေးလုပ်ငန်းများအတွက် ပြည်တွင်း/ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်ဆက်သွယ်ရာတွင် လည်းကောင်း၊ ပြည်ပတွင် သင်တန်းများ၊ ဆွေးနွေးပွဲများနှင့် အစည်းအဝေးများ တက်ရောက်လေ့လာရာတွင်လည်းကောင်း၊ ကြားခံဆက်သွယ်ရေးဘာသာဖြစ်သည့်အင်္ဂလိပ်စာသည် မရှိမဖြစ်လိုအပ်သည့် အဓိကသော့ချက်ဖြစ်သည့်အတွက်ကြောင့် ယခုလို သင်တန်းများကို ပို့ချသင်ကြားရခြင်းဖြစ်ပါကြောင်း ဖြင့် မေ ၃ ရက် နံနက် ၁၁ နာရီတွင် အဆိုပါ ဝန်ကြီးရုံး၌ကျင်းပသော မူကြိုဆရာမများ အင်္ဂလိပ်စာအဆင့်မြင့် သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က ပြောကြားခဲ့သည်။

ဆက်လက်၍ မူကြိုဆရာမများ အနေဖြင့်မိမိတို့ ပြုစုပျိုးထောင်ပေးနေသော ရှေ့ဦးအရွယ်ကလေးသူငယ်များကို ရှေ့ဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေး နည်းလမ်းများ အတိုင်း အင်္ဂလိပ်ဘာသာစကား အခြေခံပိုင်နိုင် သွားအောင်ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ကလေးသူငယ်အခွင့် အရေးများဆိုင်ရာ အမျိုးသားကော်မတီအနေဖြင့် မူကြိုဆရာမများအား အရည်အချင်းပြည့်မီစေရန်အတွက် လုပ်ရိုးလုပ်စဉ်နည်းလမ်းများမှ သွေဖည်ပြီး အခြားနိုင်ငံများမှ မူလတန်းကြိုဆရာမများနည်းတူ ရင်ပေါင်တန်းပါဝင်နိုင်အောင် ယခုလို သင်တန်းများကို ပြုလုပ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးက သင်တန်းသူများကိုယ်စား သင်တန်းသူ မူကြိုဆရာမတစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်းနှင့် အဆိုပါသင်တန်းကို မတ် ၃ ရက်မှ မေ ၃ ရက်အထိ ရက်သတ္တပါတ်ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ သင်တန်းသူ ၃၄ ဦးတက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း မော်တော်ဆိုင်ကယ်စီးနင်းခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ နယ်မြေခံရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့က အရေးယူဆောင်ရွက်လျက်ရှိကြောင်းထုတ်ပြန်

**ရန်ကုန် မေ ၄**

၁။ ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်းမော်တော်ဆိုင်ကယ်စီးနင်းခြင်းခွင့်မပြုဟု သတ်မှတ်ထားသော်လည်း အချို့မြို့နယ်များတွင် စည်းကမ်းမဲ့မောင်းနှင်လျက်ရှိပါကြောင်းနှင့် ဆိုင်ကယ်အပိုပစ္စည်းအရောင်းဆိုင်များနှင့် ဆိုင်ကယ်ပြင်ဆိုင်များသည်လည်း ခွင့်ပြုချက်မရှိဘဲ ဖွင့်လှစ်လျက်ရှိပါကြောင်း၊ လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းနေသောကြောင့် မတော်တဆမှုများဖြစ်လာပါက ဖမ်းဆီးအရေးယူရန် အခက်အခဲဖြစ်နေကြောင်း ဒေသခံပြည်သူများက ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုဆပ်ကော်မတီသို့ ပေးပို့လာသည့်အတွက် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ နယ်မြေခံရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့က အရေးယူဆောင်ရွက်ထားရှိမှုကို မိဘပြည်သူများ သိရှိနိုင်ရန် တင်ပြအပ်ပါသည်။

၂။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း စီးနင်းသော မော်တော်ဆိုင်ကယ်များအား သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးများ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ နယ်မြေခံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ပူးပေါင်းကာ နေ့စဉ်ဖမ်းဆီးလျက်ရှိပြီး လိုင်စင်ရှိဆိုင်ကယ်များအား နယ်ကျော်စီမံချက်ဖြင့် ဒဏ်ငွေ ၅၁၅၀၀ ကျပ်၊ လိုင်စင်မဲ့ဆိုင်ကယ်များအား ပိုင်ရှင်ဖြင့်ဖမ်းဆီးမိပါက ပို့ကုန်၊သွင်းကုန် ပုဒ်မ ၈ အရ အရေးယူပြီး ပိုင်ရှင်မရှိ လိုင်စင်မဲ့ဆိုင်ကယ်များအား သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပိုင်ရှင်မဲ့ကြေညာကာ သက်တမ်းခြောက်လကျော်ပါက ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းပြီး အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့ ပေးအပ်ခဲ့ကြောင်း၊ ဒဂုံတောင်မြို့နယ်တွင်လည်း သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်ပူးပေါင်း၍ မော်တော်ဆိုင်ကယ်အရောင်းဆိုင် ၁၄ ဆိုင်၏ ပိုင်ရှင်များနှင့်တွေ့ဆုံပြီး ဆိုင်ပိတ်သိမ်းနိုင်ခဲ့ကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နယ်ကျော်စီးနင်းလာသော ဆိုင်ကယ်များကို ပူးပေါင်းအဖွဲ့ဖြင့် ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆပ်ကော်မတီ**

# တန်ဖိုးနည်းဖုန်းများ မဲနှိုက်

**နေပြည်တော် မေ ၄**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ပျံကျဈေးသည်များနှင့် ပျဉ်းမနားဘူတာရှိ ကုန်တင်ကုန်ချလုပ်သားများအား တန်ဖိုးနည်းဖုန်းကတ်များ မဲနှိုက်ထုတ်ပေးခြင်းကို မေ ၃ ရက် နံနက် ၈ နာရီက သက်ဆိုင်ရာ ပျံကျဈေးများနှင့် ပျဉ်းမနားဘူတာတို့၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်နှင့်တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးတို့က လိုက်လံကြည့်ရှုခဲ့ပြီး တန်ဖိုးနည်းဖုန်းကတ်များအား စနစ်တကျထုတ်ပေးရေး၊ ဈေးသူဈေးသားများ၊ ကုန်တင်ကုန်ချလုပ်သားများ လက်ဝယ်အရောက်ရရှိရေးစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**




**အပူပိုင်းဒေသစိမ်းစိုဖို့ သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့**

Padamyar fm Yangon 88.2 MHz

**ကျေးဇူးဥပကာရတင်ရှိခြင်း**

၂၉-၃-၂၀၁၄ (စနေနေ့) ညနေ ၆ နာရီတွင် ရန်ကုန်မြို့ Junction Square(Fountain Area) တွင် [illegible] Padamyar FM Radio to Live Music Concert [illegible] Diamond Sponsor [illegible] OK [illegible] Gold Sponsor [illegible] Apache Portland Cement ၊ Silver Sponsor [illegible] TOA Paint, Double Star Cement, One Piece Toilet BOOM [illegible] Broadcast Media Partner [illegible] 5 Plus ၊ Venue Sponsor [illegible] Junction Square, Junction Cineplex ၊ Media Partner [illegible] Flower News Journal, 7 Day Daily, Call Center 1876 ၊ Advertising Partner [illegible] Mizzima Media Group, YKKO နှင့် Union Mini Mart ၊ Radio Sponsor [illegible] International Co., Ltd. နှင့် Sandi Solar [illegible] Hi Bird [illegible] Stage Construction Group [illegible] LED Display Board Program Control 17 Stars [illegible] Hyrax Dance Crew [illegible] Jade Dragon Dancer [illegible] Uranium [illegible] Myanmar Model Mangament နှင့် [illegible] FM [illegible] Padamyar FM Radio to Live Audio CD [illegible] Padamyar FM Radio to Live Album နှင့် Music Concert [illegible] Bo Bo Entertainment [illegible] FM [illegible] 5 plus Digital Free to Air [illegible] FM [illegible]

Padamyar fm [illegible]

ပြည်တွင်းသတင်း

# ဒေသခံပြည်သူများ၏တင်ပြချက်များကိုရယူ၍ မှန်ကန်မျှတစွာ ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်

**နေပြည်တော် ဧပြီ ၄**

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖြူးမြို့နယ် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမှာစကားပြောကြားရာတွင် ယခုအခါ လယ်ယာမြေနှင့် အခြားမြေများ မတရားသိမ်းဆည်းမှုများ မဖြစ်ပေါ်စေရေးနှင့် မြေယာအသုံးချရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရန် သက်ဆိုင်ရာမြို့နယ်အသီးသီး၌ ရုံးများဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာနယ်မြေအလိုက် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်ကြရန် နိုင်ငံတော်သမ္မတကြီးမှ တိုက်တွန်းခဲ့ပါကြောင်း၊ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း တိုက်တွန်းချက်နှင့်အညီ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပြီး မိမိအနေဖြင့်လည်း တစ်နိုင်ငံလုံး အတိုင်းအတာအရ ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိသည်ဟု ခံယူ၍ ယခုလိုလာရောက်ခြင်းဖြစ်ပါကြောင်း၊ ဤမြို့နယ်အတွင်း ဖြေရှင်းဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ဖွဲ့စည်းထားသော စီမံခန့်ခွဲရေးကော်မတီသည် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ ရပ်ကွက်/ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် လိုအပ်ပါက ဒေသခံပြည်သူများ၏ တင်ပြချက်များကိုပါ ရယူ၍ မှန်ကန်မျှတစွာ ဖြေရှင်းဆောင်ရွက်ပေးရမှာဖြစ်သလို အခြားဌာနအဖွဲ့အစည်းများနှင့်လည်း ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရန် ကိစ္စရပ်များ ရှိလာပါက သက်ဆိုင်ရာသို့တင်ပြ၍ ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် တာဝန်ကျရာဒေသတွင် ကိုယ့်ဇာတိ၊ ကိုယ့်ရပ်ရွာလိုသဘောထား၍ စေတနာထား ဆောင်ရွက်ပေးကြစေလိုကြောင်း၊ လိုအပ်သည်များရှိပါကလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့မိမြို့ဖ ဦးတင်အောင်၊ တိုင်းသာသနာရေးမှူး ဦးမျိုးညွန့်အောင်၊ ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ ဖြူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်၊ မြို့နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးစောတာမလာဖောတို့က သက်ဆိုင်ရာဌာနအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်နှင့် တိုင်းဒေသကြီး သစ်တောရေးရာဝန်ကြီး ဦးကျော်ဌေးတို့က လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုကြောင့် နစ်နာမှုမရှိရေးအတွက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကြံပြုတင်ပြသည်။

ထို့နောက် ပြည်ထောင်စု လွှတ်တော်နာယကက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲမစတင်မီ ပြည်ထောင်စု လွှတ်တော်နာယကသည် ဖြူးမြို့ မြို့နယ်ခန်းမသို့ရောက်ရှိကာ မြို့နယ်ခန်းမအဆောက်အအုံကို လှည့်လည်ကြည့်ရှုပြီး **(အပေါ်ပုံ)** တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းသည်။

ထို့အတူ ပြည်ထောင်စုလွှတ်တော်နာယကသည် ဖြူးမြို့ သာသနဟိတမြို့မမွှာရုံ၌ ဖွင့်လှစ်ထားသည့် အခမဲ့ နာရေးကူညီမှုအသင်းရုံးတွင် မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးစကား ပြောကြားခဲ့သည်။

**(သတင်းစဉ်)**



# မြန်မာနိုင်ငံနှင့်ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ အကျိုးတူပူးပေါင်းရေး၊ နည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာကူညီရေးဆွေးနွေး

**နေပြည်တော် ဧပြီ ၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသော (၁၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေး ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို နေပြည်တော်တွင် ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင်ကျင်းပလျက်ရှိသည်။



ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယင်းအစည်းအဝေးသို့ တက်ရောက်လာသည့် ဗီယက်နမ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီး H.E.Dinh Tien Dzung ၊ စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး H.E.Mr. Tharman Shanmugaratnam၊ အင်ဒိုနီးရှားနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး H.E. Dr. Muhammad Chatrib Basri နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး Mr. Naoyuki Shinohara တို့ကိုဧပြီ ၄ ရက်တွင် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ တွေ့ဆုံခဲ့သည်။ **(ဝဲပုံ)**

**အမြင်ချင်းဖလှယ်**

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ နည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းကူညီပံ့ပိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အာဆီယံဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းအစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ညနေ ၄ နာရီမှ ၅ နာရီအထိ နေပြည်တော် Hotel Royal Ace ၌အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေး (Retreat Meeting) ကျင်းပရာ အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြသည်။ ည ၇နာရီတွင် (၁၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးသို့ တက်ရောက်လာသူများအား ပြည်ထောင်စုဝန်ကြီးက ကြိုဆိုဧည့်ခံသည့် ညစာစားပွဲအား နေပြည်တော် သင်္ဂဟ ဟိုတယ်၌ ကျင်းပခဲ့သည်။

**ကျင်းပလျက်ရှိ**

အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးသည် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့်အိမ်ရှင်နိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာနက လက်ခံကျင်းပရသည့် အစည်းအဝေးဖြစ်သည်။ ၂၀၁၄ခုနှစ်တွင်မြန်မာနိုင်ငံက အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူစဉ် လက်ခံကျင်းပခြင်းဖြစ်ပြီး ဧပြီ ၁ ရက်မှ ၅ ရက်အထိ ကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၁၀)ကြိမ်မြောက် အာဆီယံဗဟိုဥက္ကဋ္ဌများ အစည်းအဝေးကျင်းပ

# အာဆီယံ+၃ ငွေရေးကြေးရေး ပေါင်းစည်းရေး ရှေ့လုပ်ငန်းစဉ်များအတည်ပြု

**နေပြည်တော် ဧပြီ ၄**

(၁၀)ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(MICC)၌ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သော ဘရူနိုင်းဒါရူဆလမ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ ငွေကြေးအာဏာပိုင် အဖွဲ့များ၏ ဦးဆောင် ညွှန်ကြားရေးမှူးများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး Mr.Naoyuki Shinohara နှင့် ညွှန်ကြားရေးမှူး Mr.Odd Per Brekk တို့ တက်ရောက်ခဲ့သည်။

**တင်ပြဆွေးနွေး**

အစည်းအဝေးတွင် သဘာပတိ ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေးအစီအစဉ်အား အတည်ပြုခဲ့သည်။ ထို့နောက် IMF မှ Mr.Sinohara က ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်း စီးပွားရေးဆိုင်ရာ ဆုံးရှုံးမှုအခြေအနေ စိန်ခေါ်မှုများနှင့် ရှေ့အလားအလာများကို တင်ပြခဲ့ပြီး ငွေရေးကြေးရေးနှင့် ဘဏ္ဍာရေးမူဝါဒနည်းလမ်းများ၏ ပုံမှန်စံနှုန်းထားများ၊ မက်ခရိုစည်းမျဉ်းစည်းကမ်းထိန်းချုပ်မှု နည်းလမ်းများနှင့် ကာလလတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတိုးမြှင့်ရေးအတွက် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများအား တင်ပြဆွေးနွေးသည်။

**အတည်ပြု**

ထို့နောက် အာဆီယံငွေရေးကြေးရေးပေါင်းစည်းမှု တစ်ပြေးညီဖြစ်စေရေး၊ အခြေခံမူဘောင်လုပ်ငန်းများအရ အာဆီယံဘဏ်လုပ်ငန်းများ ပေါင်းစည်းရေးမူဘောင်၊ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ လွတ်လပ်ခွင့်ပြုရေး၊ ငွေလုံးငွေရင်း စာရင်းလွတ်လပ်ခွင့်ပြုရေး၊ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်မှုနှင့် ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်လုပ်ငန်းများ၏ လက်ရှိတိုးတက်မှုအခြေအနေအရ တင်ပြချက်များအပေါ် ဗဟိုဘဏ်ဥက္ကဋ္ဌများက ဆွေးနွေးကြကာ ရှေ့လုပ်ငန်းများအတွက် ချမှတ်ခဲ့ကြသည်။ ထို့အပြင် အာဆီယံ+၃ ငွေရေးကြေးရေးပေါင်းစည်းရေး လုပ်ငန်းများအတွက် ရှေ့လုပ်ငန်းများအား အတည်ပြုခဲ့ကြသည်။

ယနေ့အစည်းအဝေးမှာ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြီးဆုံးခဲ့သည်။

**(သတင်းစဉ်)**



**(၁၀)ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပစဉ်။** (သတင်းစဉ်)

# နိုင်ငံဘက်စုံလုံခြုံကာကွယ်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာသာမက စိတ်ဓာတ်ပိုင်းဆိုင်ရာမြင့်မားတိုးတက်နေရန်ကြိုးပမ်း

**နေပြည်တော် မေ ၄**

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၇) သူရတပ်ခွဲသင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး သရေစည်သူလှဌေးဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဗေဒျကျော်ထင်သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဗေဒျကျော်ထင် ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ကလောတပ်နယ်မှူး၊ ဗထူး တပ်နယ်မှူးတို့နှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းဆင်းဗိုလ်လောင်းများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူ၍ ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးပြီးနောက် ဗိုလ်လောင်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်က တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၇) သူရတပ်ခွဲမှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ်(၁၈) ဗိုလ်လောင်း ဇော်ဝင်းမြင့်အား ငွေဓားဆုချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်က သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် တပ်မတော်တွင် အနာဂတ် ခေါင်းဆောင်များအဖြစ် တာဝန်ပေးအပ်နိုင်ရန် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် စိတ်ပိုင်း/ရုပ်ပိုင်းဆိုင်ရာများကို အဆင့်ဆင့် စိစစ်ရွေးချယ်ခဲ့ကြောင်း၊ ခေါင်းဆောင်ငယ်များ တတ်မြောက်ကျွမ်းကျင်အပ်သည့် အခြေခံစစ်ပညာများ၊ ခေါင်းဆောင်မှုနှင့်ကွပ်ကဲမှုပညာရပ်များ၊ စစ်ဦးစီး/စစ်ရေး/ စစ်ထောက်ဆိုင်ရာ သိရှိလိုက်နာရန်များကို စာတွေ့/ လက်တွေ့ သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း။

သင်ကြား လေ့ကျင့်ပေးခဲ့သည့် အသိပညာ၊ အတတ်ပညာများကို စွဲမြဲစွာမှတ်သားပြီး တာဝန်ကျရာတပ်ရင်းတပ်ဖွဲ့များတွင် စစ်ဘက်ခေါင်းဆောင်ငယ်များအဖြစ် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသည့် တာဝန်များကို ဦးလည်မသုန်ထွန်းပေါက်အောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

တပ်ရင်း/တပ်ဖွဲ့များတွင် မိမိကွပ်ကဲရမည့် စစ်သည်များကိုအမှန်တကယ် ခေါင်းဆောင်မှုပေးနိုင်ရန် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ လက်တွေ့တာဝန်ထမ်းဆောင်ကြရာတွင် **ခေါင်းဆောင်မှုကောင်းလျှင် ကောင်းသလိုတပ်ဖွဲ့၏ အောင်မြင်မှုများ၊ တိုးတက်မှုများ ရရှိလာမည်ဖြစ်ပြီး ခေါင်းဆောင်မှု ညံ့ဖျင်းလျှင် မိမိအပါအဝင် ကွပ်ကဲမှုအောက်စစ်သည်များပါ ထိခိုက်ဆုံးရှုံးမှုများနှင့်တွေ့ကြုံရမည်ဖြစ်**ကြောင်း၊ မိမိကိုယ်တိုင်နှင့် ကွပ်ကဲရမည့်တပ်ဖွဲ့ကိုပါ တိုက်ပွဲဝင်စိတ်ဓာတ်ပြည့်ဝနေရန် စည်းရုံးခေါင်းဆောင်ပြီး တိုက်ပွဲအောင်မြင်ရန် ဆောင်ရွက်ခြင်းဖြင့် ခေါင်းဆောင်မှု အရည်အချင်းကို ပေါ်လွင်စေမည်ဖြစ်ကြောင်း၊ **စစ်မြေပြင်မဟုတ်၍ တိုက်ပွဲမှာ ခေါင်းဆောင်မှုပြခွင့်မရလျှင်လည်း လုပ်ငန်းတာဝန်ထမ်းဆောင်ချိန်တွင် လုပ်ငန်းတာဝန်အပေါ် စေတနာထားပြီး ဆောင်ရွက်သည့်စိတ်၊ စိတ်ကောင်းစေတနာနှင့်အလုပ်ကို စနစ်တကျ သေသေသပ်သပ် အောင်မြင်ရန် လုပ်ဆောင်နိုင်လျှင် ကွပ်ကဲရသည့် စစ်သည်များအပေါ် ခေါင်းဆောင်မှု အရည်အချင်းကို ပြသနိုင်မည်ဖြစ်**ကြောင်း၊ **အောင်မြင်ကျော်ကြားခဲ့သည့် ခေါင်းဆောင်များသည် အများ ယုံကြည်မှုရှိခြင်း၊ ရိုးသားခြင်း၊ ကြိုးစားခြင်း၊ မှန်ကန်ဖြောင့်မတ်ခြင်း၊ ရဲရင့် တည်ကြည်ခြင်း၊ စည်းကမ်းကောင်းခြင်းစသည့် အရည်အချင်းများနှင့်ပြည့်စုံ**ပြီး မိမိ၏နောက်လိုက်များကို လက်ရှိအခြေအနေမှ တိုးတက်ရန်၊ နိုးကြားတက်ကြွလာရန်၊ တာဝန်ယူချင်စိတ်ဖြစ်ပေါ်လာရန် စည်းရုံးနိုင်သည့် စည်းရုံးရေးကောင်းသူများလည်းဖြစ်ကြောင်း၊ အထက်က ပေးအပ်သည့် အမိန့်နှင့်တာဝန်ကို လေးလေးစားစားဖြင့် ကျေပွန်အောင် ဆောင်ရွက်သည့် နောက်လိုက်ကောင်းများဖြစ်ရန်လည်း ကျင့်ကြံနေထိုင်ရမည်ဖြစ်ကြောင်း၊ **ကိုယ်တိုင်နောက်လိုက်ကောင်းအဖြစ် တာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်မှသာ ကိုယ်တိုင်ခေါင်းဆောင်ရာတွင်လည်း နောက်လိုက်များကို မှန်မှန်ကန်ကန် ဦးဆောင်နိုင်မည်ဖြစ်**ကြောင်း။

ခေါင်းဆောင်မှု အင်္ဂါရပ် (၁၆) ရပ်နှင့်အညီ ပြုမူနေထိုင်ပြီး မိမိတာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့များတွင် အောင်မြင်သည့် ခေါင်းဆောင်ငယ်များအဖြစ် မှန်ကန်စွာကွပ်ကဲခေါင်းဆောင်သွားကြရန်လိုကြောင်း။

တပ်မတော်သမိုင်းကြောင်းသည် ထူးခြားလေးနက်ပြီး အစဉ်အလာကောင်းများဖြင့် သန္ဓေတည်ပေါက်ဖွားလာခဲ့သည့် တပ်မတော်တစ်ရပ်ဖြစ်ကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှစ၍ ယနေ့အချိန်ထိ တပ်မတော်သားများ၏ အသက်ခန္ဓာများ၊ သွေး၊ ချွေးများရင်းနှီး ပေးဆပ်ခဲ့သည့် သမိုင်းမှတ်တမ်းများကနေ တပ်မတော် အစဉ်အလာကောင်းများကိုဖော်ပြလျက်ရှိကြောင်း၊ **တပ်မတော်အစဉ်အလာ (၁၂)ရပ်သည် မိမိတို့တပ်မတော်သားများ၏ အမြင့်မြတ်ဆုံးသော စွန့်လွှတ်ပေးဆပ်မှုများကနေ ပေါက်ဖွားရရှိလာ**ခဲ့သည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တပ်မတော်၏ မွန်မြတ်လှသည့် အစဉ်အလာ (၁၂)ရပ်ကို အသက်ပေးကာကွယ်စောင့်ရှောက်ရမည် ဖြစ်သကဲ့သို့ ဆက်လက်ပြီးလည်း လက်ဆင့်ကမ်း သယ်ဆောင်သွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

ယနေ့ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနယ်ပယ်စုံက ဆင်နွှဲသည့် ဘက်စုံစစ်ပွဲများဖြင့် တိုက်ခိုက်လာကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် **မိမိနိုင်ငံကို ဘက်စုံလုံခြုံစေရန် ကာကွယ်နိုင်ရန်အတွက်အသိပညာ၊ အတတ်ပညာသာမက စိတ်ဓာတ်ပိုင်းဆိုင်ရာ အတွေးအခေါ် အယူအဆများ မြင့်မားတိုးတက်နေရန် ကြိုးပမ်းဆောင်ရွက်သွားကြရန်**လိုကြောင်း။

စည်းရုံးရေးစွမ်းရည် ထက်မြက်နေရန် တပ်တွင်းစည်းရုံးရေးနှင့် တပ်ပြင် စည်းရုံးရေးများကို ခိုင်မာအောင် တည်ဆောက်သွားကြရမည် ဖြစ်ကြောင်း၊ **စည်းရုံးရေးသည် အပြုအမူ (Behaviour) ဖြစ်ကြောင်း၊ အပြုအမူအပေါ်မူတည်ပြီး စည်းရုံးရေးသည် ပြောင်းလဲသွားနိုင်ကြောင်း၊ တပ်မတော်သည် ပြည်သူ့အတွက် ဆိုသည်ကို စွဲစွဲမြဲမြဲ ခံယူထားပြီး တပ်ပြင်စည်းရုံးရေးလုပ်ငန်းများတွင် တပ်နှင့် ပြည်သူတစ်သားတည်း ဖြစ်အောင် ဆောင်ရွက်ကြ**ရမည်ဖြစ်ကြောင်း၊ ပြည်သူအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် ၁၀ ပါးကို လိုက်နာပြီး ပြည်သူ့အကျိုးပြု လုပ်ငန်းများကို အလေးထား လုပ်ဆောင်ခြင်းဖြင့် တပ်ပြင်စည်းရုံးရေးကို ခိုင်မာအောင် တည်ဆောက်သွားကြရန် မှာကြားလိုကြောင်း။

မိမိတို့တပ်မတော်ကို စွမ်းရည်ထက်မြက်သော နိုင်ငံတကာအဆင့်မီ Standard Army တစ်ရပ်ဖြစ်ရန် တည်ဆောက်လျက်ရှိကြောင်း၊ ခေတ်မီစစ်လက်နက်ပစ္စည်းများနှင့် လိုက်လျောညီထွေဖြစ်သည့် စစ်နည်းဗျူဟာများနှင့်အညီ လူ၊ လက်နက်ပေါင်းစပ်ပြီး လက်တွေ့စစ်မြေပြင်လေ့ကျင့်ခန်းကြီးများ လေ့ကျင့်ခြင်းစသည်များကို ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း။

ရှေ့ဆက်ပြီးလည်း တပ်မတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပိုမိုခေတ်မီသည့် စစ်လက်နက် ပစ္စည်းကိရိယာများ တပ်ဆင်နိုင်ရေး၊ ခေတ်မီပူးပေါင်းလေ့ကျင့်ခန်းများ ပိုမိုလေ့ကျင့်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းနေကြရမည်ဖြစ်ကြောင်း။

ယနေ့ ကမ္ဘာ့အခြေအနေ အရပ်ရပ်သည် အချိန်နှင့်အမျှ လျင်မြန်စွာ ပြောင်းလဲဖြစ်ပေါ်နေသည့်အတွက် **ကမ္ဘာပေါ်တွင် ပြောင်းလဲဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး စသည်များကို မျက်ခြည်မပျက် လေ့လာ**နေကြရမည်ဖြစ်ကြောင်း။

**မိမိတို့နိုင်ငံအတွင်း နေရာ၊ ဒေသတိုင်းတွင် တိုင်းရင်းသားပေါင်းစုံသည် အတူတကွစုပေါင်းနေထိုင်ကြသော ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံ ဖြစ်သကဲ့သို့ မိမိတို့တပ်မတော်သည်လည်း တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်သည့် ပြည်ထောင်စုတပ်မတော် တစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည် လျက်ရှိကြောင်း၊ ဒို့တာဝန်အရေးသုံးပါးသည် တို့ပြည်ထောင်စုသားများအားလုံး အလေးထားစောင့်ထိန်းရမည့် တာဝန်ကြီးဖြစ်သကဲ့သို့ မိမိတို့တပ်မတော်အနေဖြင့်လည်း ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဦးထိပ်မှာထား၍ ကာကွယ်သွားကြရ**မည်ဖြစ်ကြောင်း။

မိမိတို့တပ်မတော်၏ ကျောရိုးသည် စည်းကမ်းနှင့်အမိန့်နာခံမှုဖြစ်သကဲ့သို့ တပ်မတော်သားကောင်းတစ်ဦးဖြစ်ရန်အတွက် စစ်စည်းကမ်းကောင်းမွန်ခြင်းနှင့် အမိန့်နာခံတတ်မှုများ လိုအပ်ကြောင်း၊ မိမိတို့ **တပ်မတော်သားများသည် နိုင်ငံတော်က ချမှတ်ထားသည့်ဥပဒေ၊ စည်းကမ်းများကို နိုင်ငံသားများနည်းတူ လေးစားလိုက်နာရသည့်အပြင် စစ်သည်တော်ကျင့်ဝတ်အပါး ၆၀၊ စစ်မြေပြင်စည်းကမ်းနှင့်တပ်မတော်နှင့် အက်ဥပဒေများကိုလည်း စောင့်ထိန်းလိုက်နာကြရ**ကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသည့် တာဝန်များကို ဦးလည်မသုန်ကျေပွန်အောင်မြင်အောင် ဆောင်ရွက်ကြရန်၊ မိမိကိုယ်ကို အောင်မြင်သည့် ခေါင်းဆောင်ဖြစ်ရန် ပြုစုပျိုးထောင်၍ ခေါင်းဆောင်မှုအင်္ဂါရပ် (၁၆)ရပ်နှင့်အညီ မှန်ကန်စွာကွပ်ကဲခေါင်းဆောင်သွားကြရန်၊ တပ်မတော်၏ ထူးခြားလေးနက်သည့် အစဉ်အလာများကို အသက်ပေး ကာကွယ်စောင့်ရှောက်၍ ဆက်လက်လက်ဆင့်ကမ်း သယ်ဆောင်သွားကြရန်၊ အင်အားတောင့်တင်း၍ စွမ်းရည်ရှိသည့် ခေတ်မီ မျိုးချစ်တပ်မတော်တစ်ရပ်အတွက် လိုအပ်သည့် စွမ်းရည်(၃)ရပ် ထက်မြက်အောင် အစဉ်ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရန်၊ တပ်မတော်၏တာဝန်ကြီး (၃)ရပ်ကိုကျေပွန်စွာ ထမ်းဆောင်နိုင်စေရန်၊ မိမိတပ်ဖွဲ့ကို မြဲသုံးမြဲနှင့်ပြည့်စုံအောင် ကြံစည်လုပ်ဆောင်သွားကြရန်နှင့် မိမိတာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့များတွင် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄)ရပ်ကို ထက်သန်သည့်စိတ်ဖြင့် ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ရိပ်သာဧည့်ခန်းမ၌ အကောင်းဆုံး ဗိုလ်လောင်းဆုရ ဗိုလ်လောင်း၊ ၎င်း၏မိဘများနှင့် သေနတ်ပစ်အကောင်းဆုံးဆုရ ဗိုလ်လောင်းတို့အား တွေ့ဆုံ၍ဂုဏ်ပြုအမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**




**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၇) သူရတပ်ခွဲသင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးစဉ်။** (မြဝတီ)

**နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ**

## သမ္မတအိုဘားမား ဂျပန်သို့လာရောက်မည်

**ဝါရှင်တန် မေ ၄**

အမေရိကန်သမ္မတဘားရက်အိုဘားမားသည် ဧပြီ ၂၄ ရက်၊ ၂၅ ရက်တွင် နိုင်ငံတော်ဧည့်သည်တော်အဖြစ် ဂျပန်သို့လာရောက်လည်ပတ်လိမ့်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမိယိုကီရှိဒါက သောကြာနေ့တွင် ပြောကြားလိုက်သည်။မစ္စတာအိုဘားမားသည် အာရှခရီးစဉ်အဖြစ် တောင်ကိုရီးယား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများသို့လည်း သွားရောက်လိမ့်မည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

**ဆင်ဟွာ**

## ဆော်လမွန်ကျွန်းစု ရေလွှမ်းမှုကြောင့် သုံးဦးသေဆုံး၊ ၁၀၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်

**ဆော်လမွန် မေ ၄**

ဆော်လမွန်ကျွန်းစု ဟိုနီယာရာမြို့၌ ရေလွှမ်းမှုများဖြစ်ပွားခဲ့ရာ သုံးဦးထက်မနည်းသေဆုံးခဲ့ပြီး ၁၀၀၀၀ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း ဘီဘီစီက ဖော်ပြခဲ့သည်။ ဖြစ်စဉ်မှာ တာတာရီကော နှင့် လန်ဂါ မြစ်နှစ်စင်းသည် ၎င်းတို့ကမ်းခြေတစ်လျှောက်တိုက်စားခဲ့ပြီး အိမ်များနှင့် တံတားများ ရေစီးဖြင့် မျောပါသွားခဲ့သည်။ မြို့တွင်းနေရာအနှံ့အပြားတွင်လည်း ရေလွှမ်းမှုဒဏ်ခံစားခဲ့ရသည်။

လူဦးရေ ၃၀ ကျော်ပျောက်ဆုံးနေပြီး သေဆုံးသူအရေအတွက်မှာလည်း တဖြည်းဖြည်းတိုးလာခဲ့သည်ဟု ကယ်ဆယ်ရေးဝန်ထမ်းများက ပြောကြားခဲ့သည်။ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအရာရှိများသည် ရေဘေးသင့်ပြည်သူများကို ဘေးကင်းရာသို့ပြောင်းရွှေ့ပေးခဲ့ကြသည်။ ထို့ပြင် ဂွတ်ဒဲကင်နယ်ကျွန်းရှိမြို့သို့ ဆက်သွယ်ထားသောလမ်းများနှင့် လေဆိပ်တို့ကို ပိတ်ထားခဲ့ရသည်။

နေ့စဉ်မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ရာ ယခုထိလည်းရွာသွန်းနေဆဲဖြစ်ကြောင်း ကုလသမဂ္ဂလူသားချင်း စာနာမှုဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးရုံးကဆိုသည်။ ရေလွှမ်းမှုသည် ကျဆင်းသွားခြင်းမရှိဘဲ တဖြည်းဖြည်းတိုးလာခဲ့သည်ဟုဖော်ပြခဲ့သည်။

အဆိုပါ ဧရိယာဝန်းကျင်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဆင်းစနစ်များ ပျက်စီးသွားပြီး ရေလွှမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု အမျိုးသားသဘာဝဘေးကာကွယ်ရေးရုံး ဒါရိုက်တာ မစ္စတာ ယာတက်က ပြောသည်။

**ဘီဘီစီ**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# အမျိုးသားပညာရေးဥပဒေကို အမျိုးသားရေးအမြင်ဖြင့် ရှုမြင်ကြပါစို့

နိုင်ငံတော်က ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းကို အမျိုးသားအကျိုးစီးပွားရေးအမြင်ဖြင့် ကြည့်မည်ဆိုပါက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး မိသားစုတစ်စုချင်း၊ တစ်ဦးတစ်ယောက်ချင်းအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့်ဖွဲ့စည်းထားသည့် အားလျော်စွာ အားလုံးအတွက်ပညာရေး၊ တစ်သက်တာပညာရေးဟု ဆိုသည်မှာ တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းရင်းသားလူမျိုးအားလုံး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုဘဝညီမျှစွာ မြှင့်တင်နိုင်ရေးတို့ကို ဦးတည်ပါသည်။

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအမြင်ဖြင့် ကြည့်မည်ဆိုပါက တစ်မျိုးသားလုံး၏ပညာရေးမြှင့်တင်ခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်တိုးတက်လာကာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး ဆင်းရဲနွမ်းပါးမှုနှင့် အလုပ်လက်မဲ့နှုန်း လျှော့ချနိုင်မည်ဖြစ်ပါသည်။ ဗလငါးတန်ပြည့်ဝသည့်လူတော်လူကောင်းများ ထွက်ပေါ်လာရေး၊ အတွေးအခေါ်မှန်ကန်ပြီး စဉ်းစားဆင်ခြင်ဉာဏ်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရေး၊ ကုန်ထုတ်စွမ်းအားမြင့်တက်လာပြီး တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး အစရှိသည့် အမျိုးသားအကျိုးစီးပွားတိုးတက်ရေးအတွက် နိုင်ငံသားတိုင်းသည် အမြင်ကျယ်ကျယ်ဖြင့် ပညာရေးကဏ္ဍကို မြှင့်တင်ရမည်ဖြစ်ပါသည်။

လက်တွေ့ကျသော ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များသည် အစိုးရတစ်ခုတည်း၊ ပါတီတစ်ခုတည်း၊ အဖွဲ့အစည်းတစ်ခုတည်းက စဉ်းစားသုံးသပ်ဆုံးဖြတ်ဆောင်ရွက်ခြင်းမဟုတ်ပေ။ နိုင်ငံတော်အစိုးရသည် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၁ ခုနှစ်မှ စတင်၍ စဉ်ဆက်မပြတ် တစိုက်မတ်မတ်ဆောင်ရွက်ခဲ့သည်မှာ အများအသိ ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပညာရေးမူဝါဒချမှတ်နိုင်ရေးအတွက် ဆွေးနွေးပွဲတစ်ရပ်ကို နေပြည်တော်တွင်ကျင်းပခဲ့ပြီး ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် လက်ရှိပညာရေးကဏ္ဍကို သုတေသနပြုလုပ်နိုင်ရေးဆွေးနွေးခဲ့ပါသည်။ ၂၀၁၂ ဩဂုတ်လမှစတင်၍ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review - CESR)ကို ပြည်တွင်း၊ ပြည်ပပညာရှင်များဖြင့် တစ်နှစ်ကျော်အချိန်ယူ၍ အသေးစိတ်လေ့လာသုံးသပ်မှုများ ပြုလုပ်ခဲ့ပါသည်။ ယင်းလေ့လာမှုက ပညာရေးကဏ္ဍ၏ အားနည်းချက်များကို ထောက်ပြပြီး ပညာရေးကဏ္ဍကို မြှင့်တင်ရာတွင် အမျိုးသားပညာရေးဥပဒေသည် မူလအခြေခံအုတ်မြစ်ဖြစ်ပြီး ရှေ့ဆက်ဆောင်ရွက်သွားမည့် ပညာရေးလုပ်ငန်းများအတွက် အခြေခံမူဘောင်များဖြစ်သဖြင့် ပညာရေးပြုပြင်ပြောင်းလဲရေးအတွက် ပညာရေးမူဝါဒနှင့်ဥပဒေရေးဆွဲရန် လိုအပ်ကြောင်းထောက်ပြခဲ့ပါသည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင်ပြည်သူဗဟိုပြုဆွေးနွေးပွဲများကို ကျင်းပခဲ့ပြီး ပြည်သူလူထု၏သဘောထားအကြံဉာဏ်များစုစည်းရယူ၍ ပညာရေးမူဝါဒများနှင့် ဥပဒေများဖော်ထုတ်ချမှတ်နိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။ ယင်းဆွေးနွေးပွဲများတွင် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ နိုင်ငံရေးပါတီများ၊ အမျိုးသားပညာရေးပြုပြင်ပြောင်းလဲမှု နိုင်ငံလုံးဆိုင်ရာကွန်ရက် (National Network for Education Reform-NNER) အပါအဝင် အသင်းအဖွဲ့များနှင့် ပညာရေးကို စိတ်ဝင်စားသည့် အဖွဲ့အစည်းများနှင့်ပုဂ္ဂိုလ်များပါဝင်၍ အချေအတင်ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးပွဲများတွင် ပညာရေးဝန်ကြီးဌာနမှ တင်ပြခဲ့သည့် မူဝါဒများသည် အမျိုးသားပညာရေးပြုပြင်ပြောင်းလဲမှု နိုင်ငံလုံးဆိုင်ရာကွန်ရက် NNER အပါအဝင် ပညာရေးအဖွဲ့အစည်းများမှ တင်ပြချက်များနှင့် ၉၀ ရာခိုင်နှုန်း တူညီမှုရှိခဲ့သည်ကို လေ့လာသူတစ်ဦးအနေဖြင့် တွေ့ရပါသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့နှင့် ၆ ရက်နေ့တို့တွင် အမျိုးသားအဆင့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှု ဆွေးနွေးပွဲကို နေပြည်တော်တွင် ပြုလုပ်ခဲ့ပါသည်။ အဆိုပါအမျိုးသားအဆင့်ဆွေးနွေးပွဲမှ ရလဒ်များကို အခြေခံ၍ အမျိုးသားပညာရေးမူဝါဒနှင့် ဥပဒေကြမ်းတို့ကို ပြုစုခဲ့ပါသည်။ ဆွေးနွေးပွဲအပြီးတွင် ပညာရေးဝန်ကြီးဌာနက ပြည်သူ့လွှတ်တော်သို့ အမျိုးသားပညာရေးဥပဒေကြမ်းကို တင်သွင်းခဲ့ပါသည်။

ပညာရေးဝန်ကြီးဌာနက ပြည်သူ့လွှတ်တော်သို့ တင်သွင်းခဲ့သည့် အမျိုးသားပညာရေးဥပဒေကြမ်းတွင် အခန်း ၁၄ နှင့် စာပိုဒ် ၈၀ ပါဝင်ပါသည်။ အဆိုပါပညာရေးဝန်ကြီးဌာနမှ တင်သွင်းသော အမျိုးသားပညာရေးဥပဒေကြမ်းကို အများပြည်သူသိရှိလေ့လာနိုင်ရန် ပြည်သူ့လွှတ်တော်က ၂၀၁၄ ခုနှစ် မတ် ၁၇ရက်နေ့နှင့် ၁၈ ရက်နေ့များတွင် နေ့စဉ်ထုတ်သတင်းစာများ၌ ဖော်ပြခဲ့ပါသည်။ယင်းအမျိုးသားပညာရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးပြင်ဆင်အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါသည်။ ပြည်သူ့လွှတ်တော်မှ အမျိုးသားလွှတ်တော်သို့ပေးပို့ခဲ့သည့် အမျိုးသားပညာရေးဥပဒေကြမ်းသည် ပညာရေးဝန်ကြီးဌာနမှ တင်သွင်းသည့် ဥပဒေကြမ်းနှင့်ကွဲလွဲချက်အချို့ရှိသည်ကို လေ့လာသိရှိရပါသည်။

**လေ့လာသူတစ်ဦး**

လေ့လာသူတစ်ဦးအနေဖြင့် ပြောရမည်ဆိုပါက ပညာရေးပြုပြင်ပြောင်းလဲမြှင့်တင်ခြင်းသည် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေပါသည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာနှင့် အစီအစဉ်များရေးဆွဲသည့်အခါ နိုင်ငံ၏အလုပ်လုပ်နိုင်သည့်လူဦးရေနှင့် စွမ်းဆောင်ရည်ရှိသည့် လူဦးရေပေါ်မူတည်၍ နိုင်ငံအတွက် လိုအပ်သည့် ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အလုပ်အကိုင်အခွင့်အလမ်းရှိသည့် ဘွဲ့ရများ၊ အသက်မွေးဝမ်းကျောင်းအတတ်ပညာရှင်များနှင့် လုပ်သားများ မွေးထုတ်နိုင်ရေးအတွက် ရည်မှန်း ဦးတည်ရေးဆွဲရပါသည်။

လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ ပြည်သူလူထု၏ အမြင်နှင့်ခံယူချက်လည်း ပြောင်းလဲရန်လိုအပ်ပါသည်။မိသားစုများတွင် မိမိ၏သား၊ သမီးများ၏ ရှေ့ရေးအတွက် ပညာတတ်အောင်သင်ကြားပြီး နောင်တစ်ချိန်တွင် မိသားစုအတွက်၊ အိမ်ထောင်စုအတွက် လူမှုစီးပွားရေးအဆင်ပြေတိုးတက်လာအောင် မျှော်မှန်းချက်ထားစီစဉ်ဆောင်ရွက်ကြပါသည်။ သို့ရာတွင် ယခင်ကာလတစ်လျှောက် ဘွဲ့ရရှိရေးကိုသာ ဦးတည်ခဲ့ကြသဖြင့် ဘွဲ့ရအလုပ်လက်မဲ့ပြဿနာများ ရှိနေသည့်အပေါ် ဝေဖန်ပြောဆိုမှုများ ရှိနေပါသည်။ ယခုလက်ရှိတွင် အစိုးရဌာနများ၌ ဝန်ထမ်းတစ်သန်းကျော်ခန့်ကိုသာ အလုပ်ခန့်ထားနိုင်ပါသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်အားပေးခြင်း၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် အားပေးကူညီခြင်းနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းများကို အဓိကဦးတည်၍ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကာအလုပ်အကိုင်နေရာများ ဖန်တီးဖော်ထုတ်လျက်ရှိပါသည်။

အထက်ပါဆောင်ရွက်ချက်များကို ထောက်ရှု၍ပညာရှင်များ၊ ပါတီအဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ကဏ္ဍအသီးသီးတွင် ဦးဆောင်ဦးရွက်ပြုနေသူများသည် တူညီသောအမျိုးသားရေးအမြင်ဖြင့် ရှုမြင်ပြီး အမျိုးသားပညာရေးမြှင့်တင်မှုအတွက် တစ်မျိုးသားလုံးတစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

အချို့ကိစ္စများတွင် အစိုးရမှ ဗဟိုမှချုပ်ကိုင်ထားသည်ဟု ထင်မြင်ယူဆချက်များမှာအရိုးစွဲနေသည့် အယူအဆများဖြစ်ပြီး အမြင်ကျယ်ကျယ်ဖြင့် ပြုပြင်ပြောင်းလဲရန် လိုအပ်ပါသည်။ ပကတိအခြေအနေမှာ အစိုးရသစ်တက်လာပြီး ၂၀၁၁ခုနှစ်မှ စတင်၍ဒီမိုကရေစီနိုင်ငံ တည်ဆောက်သည်နှင့် အညီအစိုးရ၏စီမံခန့်ခွဲမှုပုံစံ ပြောင်းလဲသွားသည်ကို လေ့လာတွေ့ရှိနိုင်မည်ဖြစ်ပါသည်။ ယခင်က မူဝါဒများကို အစိုးရက တိုက်ရိုက်ချမှတ်ဆောင်ရွက်သော်လည်း အစိုးရသစ်တက်လာသည့်နောက်ပိုင်းတွင် မည်သည့်ကိစ္စပင်လုပ်သည်ဖြစ်စေ ပြည်သူများပါဝင်သည့် ဆွေးနွေးပွဲများ၊ ဖိုရမ်များကျင်းပပြုလုပ်ပြီးအဆိုပါဆွေးနွေးပွဲများမှ ရရှိလာသည့်ရလဒ်များကို အခြေခံ၍သာ ဆောင်ရွက်ခဲ့ပါသည်။ ပြည်သူလူထုနှင့်ပူးပေါင်းဆောင်ရွက်သည့် ပုံသဏ္ဌာန်သို့ ကူးပြောင်းလာသည်ကို ၂၀၁၁ခုနှစ် မေလ ၂၀ရက်က နေပြည်တော်တွင်ကျင်းပခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲမှ စတင်ဆောင်ရွက်လာခဲ့သည်ကို တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ အလားတူပင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ပြုလုပ်ခဲ့သည့် ပညာရေးကဏ္ဍ ဆွေးနွေးပွဲများကို ပြည်သူဗဟိုပြုဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ထိုသို့ပညာရေးနှင့်ပတ်သက်သည့် ဆွေးနွေးပွဲများကို ပညာရေးအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တိုင်းရင်းသားများအားလုံး ပါဝင်ဆွေးနွေးခဲ့ကြသည်ကိုလည်း အားလုံးမျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပြီး ဖြစ်ပါသည်။

ထိုသို့ဆွေးနွေးရာတွင်လည်း အထက်မှညွှန်ကြားသည့် Top-Down ပုံစံမျိုးမဟုတ်ဘဲ ဆွေးနွေးပွဲများ ဆောင်ရွက်မည့် မဟာဗျူဟာစီမံကိန်း (Strategic Plan) အများ၏ အကြံပြုထောက်ခံချက်များကို အခြေခံ၍ Bottom- Up ပုံစံဖြင့်ရေးဆွဲခဲ့ပါသည်။ ဗဟိုချုပ်ကိုင်မှုလျှော့ချသော ပြည်သူ့ရေးရာစီမံခန့်ခွဲမှု (Public Administration )စနစ်ကို ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့်ပူးပေါင်း၍ လေ့ကျင့်သင်တန်းပေးနေသည်ကိုလည်း နေရာအနှံ့အပြားတွင် တွေ့ရှိရမည်ဖြစ်ပါသည်။ နိုင်ငံတကာပညာရှင်များက မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၏လျင်မြန်မှုကို အသိအမှတ်ပြုသော်လည်း ထိရောက်အောင်စီမံခန့်ခွဲရန်နှင့် ချောမွေ့သည့်အသွင်ကူးပြောင်းရေး (Smooth Transtation) ဖြစ်အောင်ဆောင်ရွက်ရန် အလေးအနက် အကြံပြုသည်များလည်းရှိပါသည်။

ဒီမိုကရေစီနိုင်ငံအဖြစ် ကူးပြောင်းရာတွင် ပြည်သူအများ၏ဆန္ဒကို အလေးထားရမည်မှာ မှန်ပါသည်။ ပြည်သူများလွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်ရှိသည်မှာလည်းမှန်ပါသည်။ သို့ရာတွင် ဆန္ဒအားလုံးမှာမတူညီနိုင်သောကြောင့် အများစု၏ဆန္ဒကို အလေးထားရမည်ဖြစ်သည့်အပြင် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံဖြစ်ရန်အတွက် တိုးတက်မှုကို နှောင့်နှေးစေမည့်လုပ်ရပ်များ၊ ဖြစ်စဉ်များ မဖြစ်ရေးသည်လည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ဂရုပြုရန် အရေးကြီးပါသည်။ ဆန္ဒဖော်ထုတ်မှုများကို အလေးထားပြီး ဆွေးနွေးဆုံးဖြတ်မှုဖြင့် ဆောင်ရွက်သွားရန် လိုအပ်သော်လည်း လူအုပ်စုအသွင်ဖြင့် လုပ်ငန်းများနှောင့်နှေးစေသော ဖြစ်စဉ်များ၊ နယ်မြေဒေသတည်ငြိမ်မှုပျက်ပြားစေသည့်ဖြစ်စဉ်များနှင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို စိုးရိမ်ကြောင့်ကြစေသောဖြစ်စဉ်များ နေရာအနှံ့အပြားဖြစ်ပေါ်နေမည်ဆိုလျှင် အသွင်ကူးပြောင်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် နှောင့်နှေးမှုဖြစ်လာနိုင်ပါသည်။ အိမ်နီးချင်းနိုင်ငံများထက် နောက်ကျသောမြန်မာနိုင်ငံအနေဖြင့် အခြားသူများ ခြေတစ်လှမ်းလှမ်းချိန်တွင် မိမိက ခြေသုံးလှမ်းလှမ်းရမည့်အချိန်၌ ခြေတစ်လှမ်းလှမ်းဖို့ပင် အခက်အခဲဖြစ်စေသော အခြေအနေမျိုး မဖြစ်စေလိုပေ။

ထို့ကြောင့် နိုင်ငံရေးပါတီတိုင်း၊ အဖွဲ့အစည်းတိုင်း၊ တိုင်းရင်းသားလူမျိုးတိုင်း မိမိတို့၏ပုဂ္ဂိုလ်ရေးနှင့် အဖွဲ့အစည်းတစ်ခုတည်း၏ ဆန္ဒအမြင်သဘောထားများကို ရှေ့တန်းတင်ခြင်းထက် အမျိုးသားရေးအမြင်ဖြင့် အမျိုးသားအကျိုးစီးပွားတိုးတက်ရေးကို တူညီသော အမြင်သဘောထား၊ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားဖြင့် ထူထောင်တည်ဆောက်သွားရန် လိုအပ်ပေသည်။

အမျိုးသားပညာရေးဥပဒေကြမ်းသည် ဒေသအဆင့်၊ အမျိုးသားအဆင့်၊ ပညာရေးဆွေးနွေးပွဲများကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်၍ လွှတ်တော်အဆင့်ဆင့်တွင် တိုင်းရင်းသားပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသအသီးသီးမှ ကိုယ်စားလှယ်များက ဆွေးနွေးပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များကို ပြုပြင်အတည်ပြုထားသော အမျိုးသားပညာရေးဥပဒေကြမ်းကိုလည်း အမျိုးသားရေးအမြင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆွေးနွေးညှိနှိုင်းအကောင်အထည်ဖော်သွားခြင်းကသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းနိုင်မည်ဟု ရှုမြင်ကြောင်း ရေးသားလိုက်ရပေသည်။

**ပညာရှင်များ၊ ပါတီအဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ကဏ္ဍအသီးသီးတွင် ဦးဆောင်ဦးရွက်ပြုနေသူများသည် တူညီသော အမျိုးသားရေးအမြင်ဖြင့် ရှုမြင်ပြီး အမျိုးသားပညာရေးမြှင့်တင်မှုအတွက် တစ်မျိုးသားလုံး တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုအပ်**

## ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဧပြီ ၄**

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပလျက်ရှိသော ဓမ္မာစရိယစာမေးပွဲကို အဌမနေ့အဖြစ်လည်းကောင်း၊ ပထမပြန်စာမေးပွဲကိုလည်း ဒုတိယနေ့အဖြစ်လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ စာဖြေဌာနများ၌ ဆက်လက်ကျင်းပလျက်ရှိရာ ဓမ္မာစရိယစာမေးပွဲ(ပါဠိဋ္ဌကထာဋီကာ)တွင် စာရင်းသွင်းသံဃာ/သီလရှင် ၅၁၂ ပါးအနက် ၂၆၁ ပါး ဖြေဆိုကြသဖြင့် ၅၀ ဒသမ ၉၈ ရာခိုင်နှုန်းဖြစ်ကြောင်းနှင့် ပထမပြန်စာမေးပွဲတွင် စာရင်းသွင်းသံဃာ/သီလရှင် ၆၃၉၃၃ ပါးအနက် ၅၁၀၉၆ ပါး ဖြေဆိုကြသဖြင့် ၇၉ ဒသမ ၉၂ ရာခိုင် နှုန်းဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## နိုင်ငံတစ်ဝန်း သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ ဧပြီ ၂ ရက်နေ့စာရင်းများအရ အိမ်ထောင်စု လေးသန်းခြောက်သိန်းကျော် ကောက်ယူပြီးဖြစ်ကြောင်းသိရှိရ

**နေပြည်တော် ဧပြီ ၄**

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းများကို မတ် ၃၀ ရက်မှစတင်၍ ကောက်ယူလျက်ရှိရာ ဧပြီ ၂ ရက်အထိ အိမ်ထောင်စုပေါင်း ၄၆၈၂၀၉၆ စုအား ကောက်ယူပြီးစီးခဲ့ကြောင်း သိရှိရသည်။

ကောက်ယူနိုင်ခဲ့မှုအခြေအနေမှာ ကချင်ပြည်နယ်တွင် အိမ်ထောင်စုပေါင်း ၁၀၅၆၄၈ စု၊ ကယားပြည်နယ်တွင် ၂၂၀၀၂ စု၊ ကရင်ပြည်နယ်တွင် ၁၃၁၆၇၃ စု၊ ချင်းပြည်နယ်တွင် ၃၄၀၉၉ စု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၅၀၄၁၆၂ စု၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၁၃၀၆၈၀၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)တွင် ၃၀၁၉၀၅ စု၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)တွင် ၂၃၆၉၆၈ စု၊ မကွေးတိုင်းဒေသကြီးတွင် ၃၈၅၂၉၉စု၊ မန္တလေးတိုင်းဒေသကြီးတွင် ၅၇၀၈၅၁ စု၊ မွန်ပြည်နယ်တွင် ၁၈၅၄၂၁ စု၊ ရခိုင်ပြည်နယ်တွင် ၁၈၇၄၇၈ စု၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၇၁၂၇၄၉ စု၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ၅၀၉၂၆စု၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ၂၂၀၉၇၁ စု၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ၁၅၉၃၅၆ စု၊ဧရာဝတီတိုင်းဒေသကြီးတွင် ၆၃၂၆၅၀နှင့် နေပြည်တော်ကောင်စီနယ်မြေတွင် ၁၀၉၂၅၉ စုတို့ဖြစ်ကြောင်း သိရသည်။

အိမ်ထောင်စုတစ်စုအား သန်းခေါင်စာရင်းကောက်ယူရာတွင် မေးမြန်းဖြည့်စွက်မှုမှာ ပျမ်းမျှ မိနစ် ၂၀ ခန့်ကြာမြင့်ပြီး စာရင်းကောက်များအနေဖြင့် တစ်နေ့လျှင် အိမ်ထောင်စု ၁၀ စုမှ ၁၂ စု အထိ ကောက်ယူပြီးစီးကြောင်း သိရှိရသည်။ နိုင်ငံတစ်ဝန်း သန်းခေါင်စာရင်းကောက်ယူရာတွင် မိုင်းလားအထူးဒေသ၌ စာရင်းကောက်ယူမှု ပြီးစီးသွားပြီး “ဝ”အထူးဒေသတွင် ကောက်ယူနေဆဲဖြစ်ကြောင်း၊ ကေအင်န်ယူတပ်မဟာ ၂ နှင့် တပ်မဟာ ၅ နယ်မြေတွင် တပ်ဖွဲ့ဝင်များအား စာရင်းကောက်သင်တန်းပေးပြီး ကောက်ယူစေလျက်ရှိကြောင်းဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှသိရှိရသည်။

(သတင်းစဉ်)

# ပြည်တွင်းသတင်း

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၇)သူရတပ်ခွဲ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲတက်ရောက်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၇)သူရတပ်ခွဲ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲတွင် သင်တန်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (မြဝတီ)

**နေပြည်တော် ဧပြီ ၄**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၇)သူရတပ်ခွဲ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ဗထူးတပ်မြို့ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသရေစည်သူမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သရေစည်သူလှဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ဗထူးတပ်နယ်မှူးနှင့် တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်းအရာရှိများနှင့် ၄င်းတို့၏မိဘဆွေမျိုးများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်းရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။

သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ကပွဲခန်းမ၌ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ၏ အငြိမ့်အဖွဲ့နှင့်အတူ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်းတို့၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

## အာဆီယံနိုင်ငံဘဏ္ဍာရေး ဒုတိယဝန်ကြီးများနှင့် အမေရိကန်ပြည်ထောင်စုငွေတိုက်ဌာနတို့ စည်းဝေး

နေပြည်တော် ဧပြီ ၄

**(၁၈) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးအဖြစ် အာဆီယံနိုင်ငံရေးဘဏ္ဍာရေး ဒုတိယဝန်ကြီးများနှင့် အမေရိကန်ပြည်ထောင်စု ငွေတိုက်ဌာနတို့ ပထမအကြိမ်အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီက နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ် ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အဆိုပါ အစည်းအဝေးသို့ အာဆီယံ ၁၀ နိုင်ငံမှ ဘဏ္ဍာရေး ဒုတိယဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အဆင့်မြင့်အရာရှိကြီးများနှင့် အမေရိကန်ပြည်ထောင်စု ငွေတိုက်ဌာနမှ ဒုတိယအတွင်းဝန် မစ္စတာရောဘတ်ဒိုနာ၊ ညွှန်ကြားရေးမှူး မစ္စတာမိုက်ကယ်ကပ်ပလန်၊ ဘဏ္ဍာရေးသံမှူး ဘင်ကပ်ရှမင်းတို့ တက်ရောက်ကြသည်။

**ဖြစ်ပေါ်လျက်ရှိ**

အစည်းအဝေးတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမောင်မောင်သိမ်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားရာတွင် အာရှတိုက်၏ စီးပွားရေးတိုးတက်မှုသည် မှန်မှန်ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ၂၀၁၃ တွင် ၆ ဒသမ ၁ ရာခိုင်နှုန်း၊ ၂၀၁၄ တွင် ၆ ဒသမ ၂ ရာခိုင်နှုန်း၊ ၂၀၁၅ တွင် ၆ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်မည်ဟုလည်း တွက်ဆထားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဂျီဒီပီ ၂၀၁၄ နှင့် ၂၀၁၅ တွင် ဂျီဒီပီ ၇ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးမြှင့်မည်ဟု တွက်ဆထားပါကြောင်း၊ ယနေ့ကမ္ဘာကြီးတွင် ဆက်သွယ်မှု Connectivity ရှိနေသဖြင့် ကမ္ဘာ့တစ်နေရာတွင် ဖြစ်ပျက်မှုတစ်ခုသည် အခြားနေရာများသို့လည်း ဂယက်ရိုက်လေ့ရှိပါကြောင်း၊ ကမ္ဘာ့အကြီးဆုံး စီးပွားရေးအင်အားစုဖြစ်သည့် အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးပြောင်းလဲမှုသည် ကမ္ဘာ့အခြားရပ်ဝန်းများသို့လည်း ရိုက်ခတ်မည်ဖြစ်သကဲ့သို့ အခြားဒေသများ၏ စီးပွားရေးပြောင်းလဲမှုများသည်လည်း အမေရိကန်ပြည်ထောင်စုအပေါ် သက်ရောက်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အထီးတည်းနေပြီး မိမိကိုယ်ကိုကောင်းအောင် ကြိုးစားနေရုံဖြင့် မလုံလောက်တော့ကြောင်း ဝိုင်းဝန်းဆွေးနွေးအဖြေရှာကြရမည့်ခေတ်သို့ ရောက်နေပြီဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် အမေရိကန်ပြည်ထောင်စု စီးပွားရေးအခြေအနေ၊ အာရှ ရပ်ဝန်းဒေသကြီး၏ စီးပွားရေးအခြေအနေ၊ နောင်အနာဂတ်တွင် စီးပွားရေးတိုးတက်မှုကို ဖြစ်ထွန်းစေမည့် အကြောင်းအရာများနှင့် အရှေ့တောင်အာရှတွင် ငွေချေးယူမှုမြင့်မားခြင်း၏ဆိုးရွားမှု ဖြစ်နိုင်ခြေတို့ကို ဆွေးနွေးခဲ့ကြသည်။

**ပြန်လည်ဖွဲ့စည်း**

အစည်းအဝေးပွဲမစမီ မြန်မာနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ ခေါင်းဆောင်သောအဖွဲ့နှင့် အမေရိကန်ပြည်ထောင်စု ဒုတိယအတွင်းဝန် မစ္စတာရောဘတ်ဒိုနာခေါင်းဆောင်သော အဖွဲ့ကို သီးခြားတွေ့ဆုံ၍ နှစ်နိုင်ငံတို့အကြား ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာ့စီးပွားရေးဘဏ်ဆိုင်ရာကိစ္စများ၊ မြန်မာနိုင်ငံတွင် ငွေတိုက်ဌာန ပြန်လည်ဖွဲ့စည်းထားရှိရေး၊ ရသုံးမှန်းခြေစာရင်း ရေးဆွဲရေးသင်တန်းကျောင်းကိစ္စစသည်များကိုလည်း ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## တပ်မတော်၏လုံခြုံရေးအစောင့်အရှောက်ဖြင့် လုံခြုံရေးအရ သန်းခေါင်စာရင်းကောက်ယူရန်ခက်ခဲသောကျေးရွာများသို့ သန်းခေါင်စာရင်းကောက်ယူ

**နေပြည်တော် ဧပြီ ၄**

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရန်ခက်ခဲလျက်ရှိသော ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ဒေသအချို့၌ တပ်မတော်မှ လုံခြုံရေးအစောင့်အရှောက်များ အကူအညီပေး၍ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိသည်။

**ကောက်ခံသွားမည်**

ထိုသို့ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်ရာ၌ ဧပြီ ၃ ရက်နှင့် ၄ ရက်တို့တွင် ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်အတွင်းရှိ ကျေးရွာ ၁၆ ရွာမှ ၃၅၃၅ ဦး၊ လွယ်ဂျယ်မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာမှ ၁၄၂၆ ဦး၊ ဒေါ့ဖုန်းယန်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၄ ရွာမှ ၃၁၉၈ ဦး စုစုပေါင်း ၈၁၅၉ ဦးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့နယ်အတွင်းရှိ ကျေးရွာ နှစ်ရွာမှ ၁၂၇၁ ဦး၊ နမ္မတူမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာမှ ၃၆၇ ဦး၊ မိုးမိတ်မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာမှ ၄၃၅ ဦး စုစုပေါင်း ၂၀၇၃ ဦး၊ စုစုပေါင်း ဒေသခံပြည်သူ ၁၀၂၃၂ ဦးအား တပ်မတော်၏ လုံခြုံရေးအကူအညီရယူ၍ သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများအား ကောက်ယူခဲ့ကြောင်းနှင့် ၄င်းဒေသအတွင်းရှိ ကျန်ရှိနေသေးသော ကျေးရွာများကိုလည်း ဆက်လက်ကောက်ခံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)




**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ် ၁၃၄၊ မြေကွက်အမှတ် ၉၁၄၊ အကျယ်အဝန်းပေ (၄၀×၆၀)ရှိ ဦးဘမောင် ISN-၁၀၀၄၉၅ [၁၂/လမန(နိုင်)၀၄၆၈၃၅]အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် မြေတိုင်းရပ်ကွက်အမှတ် ၁၃၄၊ မြေကွက်အမှတ် ၉၁၅၊ အကျယ်အဝန်းပေ (၄၀×၆၀)ရှိ ဒေါ်မြင့်သိန်း ၁၂/လမတ(နိုင်)၀၁၁၃၃၅ အမည်ပေါက် မြေချပါမစ်မြေကွက်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးဇော်ဦး ၉/မရတ(နိုင်)၁၁၇၆၆၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာခိုင် LL.B, D.L.P, WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၈၃၊ အခန်း ၁၆/ဘီ၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၁၀၀၅၈၆၇**

**နိုင်ငံကြီးသားပီသစွာ အခွန်ဆောင်တာ ပြည့်အကျိုးပါ**

**မြန်မာ့အလင်း၊ ကြေးမုံနှင့် The New Light of Myanmar သတင်းစာဖတ်ရှုလိုသူများ ဆက်သွယ်နိုင်ပါသည်**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေလျက်ရှိသော မြန်မာ့အလင်း၊ ကြေးမုံနှင့် The New Light of Myanmar သတင်းစာများကို ရန်ကုန်မြို့နှင့် မြန်မာပြည်အနှံ့မှ လပေးစနစ်ဖြင့် ဝယ်ယူဖတ်ရှုလိုသည့် မိဘပြည်သူ သတင်းစာဖတ်ပရိသတ်များသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မှာယူနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

**ရန်ကုန်**

| | | | | |
|---|---|---|---|---|
| - မြန်မာ့အလင်း | မန်နေဂျာ- | ဖုန်း-၀၁-၅၄၄၃၁၄၊ Hp-၀၉-၄၃၀၃၆၀၃၀ | ဖြန့်ချိရေး- | ဖုန်း-၀၁-၅၄၄၃၁၇ Hp-၀၉-၄၂၀၁၁၄၀၀၅ |
| - ကြေးမုံ | မန်နေဂျာ- | ဖုန်း-၀၁-၈၆၁၀၆၈၅၊ Hp-၀၉-၂၅၄၀၇၅၈၀၉ | ဖြန့်ချိရေး- | ဖုန်း-၀၁-၂၉၂၈၃၀ Hp-၀၉-၄၅၀၅၃၉၅၅၃ |
| - New Light | မန်နေဂျာ- | ဖုန်း-၀၁-၃၉၂၂၂၆၊ Hp-၀၉-၇၃၂၃၁၆၃၄ | ဖြန့်ချိရေး- | ဖုန်း-၀၁-၃၉၂၃၀၄ Hp-၀၉-၄၅၀၀၂၅၅၇၀ |

**နေပြည်တော်** တာဝန်ခံအရာရှိ ဖုန်း-၀၆၇-၃၆၉၉၉၊ ဖြန့်ချိရေး ဖုန်း-၀၆၇-၃၆၁၀၅
ရုံးချုပ် (ဖြန့်ချိရေးဌာန)၊ ဖုန်း-၀၆၇-၄၁၂၁၁၈

| | | | | | |
|---|---|---|---|---|---|
| မန္တလေး | ဖုန်း-၀၂-၇၃၂၀၉၊ | တောင်ကြီး | ဖုန်း-၀၈၁-၂၁၂၁၁၆၄၊ | မကွေး | ဖုန်း-၀၆၃-၂၃၇၁၂ |
| ကျိုင်းတုံ | ဖုန်း-၀၈၄-၂၂၄၉၂၊ | ကလေး | ဖုန်း-၀၇၃-၂၂၁၃၃၊ | မြစ်ကြီးနား | ဖုန်း-၀၇၄-၂၂၄၆၂ |
| စစ်တွေ | ဖုန်း-၀၄၃-၂၃၀၆၈၊ | လားရှိုး | ဖုန်း-၀၈၂-၂၄၀၆၇၊ | မြိတ် | ဖုန်း-၀၅၉-၄၁၂၈၃ |

**Marketing Manager** ဖုန်း-၀၉-၂၅၀၁၀၇၉၇၇

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

## မော်လမြိုင်ကျွန်းမြို့နယ်၌ သန်းခေါင်စာရင်း ကွင်းဆင်းစာရင်းကောက်ယူ

**မော်လမြိုင်ကျွန်း ဧပြီ ၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိရာ ဧပြီ ၃ ရက် နံနက် ၁၀ နာရီက ရေလိန်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများနှင့် ဖူထိကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ၏ နေအိမ်များသို့ စာရင်းကောက်ဆရာ ဆရာမများက လူဦးရေနှင့်အိမ်အကြောင်းအရာဆိုင်ရာ အချက်အလက်များကို နေအိမ်ရှိ မိသားစုဝင်များနှင့် တွေ့ဆုံပြီး ကွင်းဆင်းစာရင်း ကောက်ယူကြသည်။

(၀၆၅)

ပြည်တွင်းသတင်း

# အာဆီယံဘဏ္ဍာရေးဆိုင်ရာ အသိုက်အဝန်းများအကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့အား ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတွင် ငွေကြေးတည်ငြိမ်ရေး၊ အာဆီယံဗဟိုဘဏ်များခိုင်မာရေး၊ အာဆီယံဘဏ္ဍာရေးဆိုင်ရာ အသိုက်အဝန်းများအကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးသွားမည့်အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့တွင် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန်ရောက်ရှိနေသော ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့မှ ဘဏ္ဍာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ် Mr.AKP Mochran တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး Mr.Naoyuki Shinohara အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**
(သတင်းစဉ်)



# ငွေကြေးဆိုင်ရာကိစ္စရပ်များတွင် မြန်မာနိုင်ငံနှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားလိုမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး Mr.Naoyuki Shinohara ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

### ပူးပေါင်းဆောင်ရွက်

ထိုသို့တွေ့ဆုံစဉ် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ကူညီဆောင်ရွက်မှုဖြင့် ငွေကြေးလဲလှယ်မှုနှုန်းတည်ငြိမ်အောင် ဆောင်ရွက်နိုင်ခဲ့မှု၊ လက်ရှိတွင်လည်း နည်းပညာအကူအညီနှင့်ဝန်ထမ်းများအရည်အသွေးမြင့်မားစေရန် သင်တန်းများပို့ချပေးနေမှု၊ ဆက်လက်၍ ငွေကြေးဆိုင်ရာကိစ္စရပ်များတွင် မြန်မာနိုင်ငံနှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားလိုမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာလင်းအောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းအနေ[ ... ]
# ပတ်ဝန်းကျင်ကောင်းတစ်ခုဖန်တီးပေးနိုင်ရန် တူညီသေ[ ... ]

နေပြည်တော် ဧပြီ ၄

(၁၁)ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးများအဆင့် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် Grand Amara Hotel အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အာဆီယံ (၁၀) နိုင်ငံမှ ဝန်ကြီးများ၊ မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အဖွဲ့ဝင်ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံအဆင့်မြင့် အရာရှိကြီးများ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အစည်းအဝေးကို အာဆီယံသီချင်းဖြင့် ဖွင့်လှစ်ဂုဏ်ပြု၍ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အကဖြင့် ဖျော်ဖြေခဲ့ကြသည်။

အစည်းအဝေးတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အဖွင့်အမှာစကားပြောကြားရာ၌ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း၏ အဓိကရည်ရွယ်ချက်မှာ အာဆီယံဒေသအတွင်းနေ ပြည်သူများ၏ဘဝသာယာရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဆင်ပြေစေရန်၊ လူမှုဘဝဖူလုံရေးတို့ကိုတိုးမြှင့်ဆောင်ရွက်ရန်နှင့် အေးအတူပူအမျှခံစားမည့် လူမှုအသိုက်အဝန်းကို ထူထောင်ရန်၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ပြည်သူများအကြား စည်းလုံးညီညွတ်ရေးတို့အတွက် တူညီသောအာဆီယံဒေသတစ်ခုအဖြစ် တည်ထောင်ရန်နှင့် အများပြည်သူတို့နှင့်ပူးပေါင်း၍ ဆောင်ရွက်မည့် အာဆီယံအသိုက်အဝန်းအဖြစ် ထူထောင်ရန်တို့အတွက် ပံ့ပိုးကူညီပေးရန် ဖြစ်ပါကြောင်း။

အဓိက ဦးစားပေးကဏ္ဍများနှင့် ကိစ္စရပ်များကို ဆောင်ရွက်ရန်အတွက် လုပ်ရှားမှုများ၊ အစီအစဉ်များနှင့်စီမံချက်များရှိပါကြောင်း၊ ထို့ပြင် ၂၀၁၃ ခုနှစ် (၁၀) ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီအစည်းအဝေးမှ မိမိတို့၏ ရည်မှန်းချက်ဖြစ်သော ပြည်သူ့ဗဟိုပြုလူမှုရေးဆောင်ရွက်ရန် ဆုံးဖြတ်ချက်နှင့် နှစ်ဝက်သုံးသပ်အကဲဖြတ်ချက်မှ ထွက်ရှိလာသည်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် CoreGroup အား ကြိုဆိုပါကြောင်း။

အာဆီယံလူမှုရေး - ယဉ်ကျေးမှု အသိုက်အဝန်း အခြေပြုမြေပုံကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု နှစ်ဝက်သုံးသပ်အကဲဖြတ်ချက် အလုပ်ရုံဆွေးနွေးပွဲအား ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် နေပြည်တော်၌ ကျင်းပခဲ့ပါကြောင်း၊ ယင်းအလုပ်ရုံ ဆွေးနွေးပွဲတွင် သွင်ပြင်လက္ခဏာခြောက်ခုကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ စီမံကိန်းအပေါ် တုံ့ပြန်ဆောင်ရွက်ချက်များနှင့် သုံးသပ်ချက်များကို ထည့်သွင်းဆွေးနွေးခဲ့ပါကြောင်း။

(၂၃) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကြီး၌ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း အခြေပြုမြေပုံအကောင်အထည်ဖော်မှုမှာ လေးနှစ်အတွင်း ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့သည့်အတွက် နှစ်ဝက် သုံးသပ်အကဲဖြတ်ချက်အစီရင်ခံစာ (MTR Report) အား အာဆီယံခေါင်းဆောင်များမှ အပြုသဘောဖြင့် အတည်ပြုပေးခဲ့ပါကြောင်း၊ ယင်းနှစ်ဝက် သုံးသပ်အကဲဖြတ်ချက်အစီအရင်ခံစာသည် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီနှင့် အဆင့်မြင့်အရာရှိကြီးများ ကော်မတီမှ အနာဂတ်တွင် ဆောင်ရွက်မည့် ရည်မှန်းချက်များ၊ အစီအစဉ်များနှင့် အဆင့်မြင့်ဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက်အရေးပါသော လမ်းညွှန်ချက်များပါဝင်ကြောင်း။

၂၀၁၄ ခုနှစ်အတွက် ဦးစားပေးနယ်ပယ်များနှင့် ဆောင်ရွက်ရန်များဖြစ်သည့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ကဏ္ဍပေါင်းစုံပါဝင်ရေးနှင့် သဘာဝဘေးအန္တရာယ်မှ ဆိုးကျိုးများလျှော့ချရေး၊ ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်သော ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်၊ ပြောင်းရွှေ့လုပ်သားများ၏ ရပိုင်ခွင့်၊ ကာကွယ်ရေးနှင့်ပတ်သက်သော အာဆီယံလမ်းညွှန်ချက်၊ လူမှုရေးကာကွယ်မှုနှင့် ပတ်သက်သော အာဆီယံမူဘောင်တို့သည် မြန်မာနိုင်ငံအာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူထားစဉ်ကာလ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ချမှတ်ပေးထားသော ဦးစားပေး အစီအစဉ်များနှင့်လည်း ကိုက်ညီနေပါကြောင်း။

၂၀၁၄ ခုနှစ်အတွက် ချမှတ်ထားသော မိမိတို့၏ ရည်မှန်းချက်များနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအနေဖြင့် ဦးစားပေးနယ်ပယ်များရှိ ကိစ္စရပ်များတွင် ကောင်းမွန်သော ရလဒ်များရရှိနိုင်ရေးအတွက် အခြားသော အာဆီယံမဏ္ဍိုင်များနည်းတူ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ လက်တွဲဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းအနေဖြင့်လည်း ပြည်သူ့ဗဟိုပြုအာဆီယံအဖွဲ့အစည်း ဖြစ်ပေါ်လာရေးအတွက် ပတ်ဝန်းကျင်ကောင်းတစ်ခုဖန်တီးပေးနိုင်ရန် တူညီသော အခြေအနေများ တည်ဆောက်ရာတွင် ပိုမိုတက်ကြွစွာ ပါဝင်ရမည်ဖြစ်ပါကြောင်း။

ယခုအစည်းအဝေးသည် မေလ၌ ကျင်းပမည့် ထိပ်သီးအစည်းအဝေးတွင် ချိန်ဆနိုင်းယှဉ်သော ဆွေးနွေးချက်များနှင့် နောင်လာမည့်အနာဂတ်အတွက် ရလဒ်ကောင်းများ ထွက်ပေါ်လာအောင် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ



ဆောင်းပါး

# နိုင်ငံ့လုံခြုံရေးနှင့် အမျိုးသားရေးဆိုင်ရာပြဿနာဖြစ်စေသည့် ရိုဟင်ဂျာအသုံးအနှုန်း

မျိုးမြင့်သောင်း

"ရိုဟင်ဂျာဆိုတဲ့အသုံးအနှုန်းဟာ အခုအချိန်မှာ သာမန်ပြဿနာတစ်ရပ်အနေနဲ့ မှတ်ယူလို့မရတော့ဘဲ နိုင်ငံ့လုံခြုံရေးနဲ့ အမျိုးသားရေးဆိုင်ရာပြဿနာအဖြစ် ကူးပြောင်းရောက်ရှိလာပြီဖြစ်ပါတယ်။ ဒီပြဿနာမျိုးဟာ လွတ်လပ်စွာ ပြောဆိုခွင့်ရှိတယ်ဆိုတဲ့ ရှုထောင့်တစ်ခုတည်းက ကြည့်လို့မရဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်အခြေခံမူတွေနဲ့ ဆက်စပ်ထည့်သွင်းစဉ်းစားရတဲ့ လုပ်ငန်းစဉ်လို့ ရှုမြင်ဖို့လိုပါတယ်"ဟု နိုင်ငံတော်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူလည်းဖြစ် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးလည်းဖြစ်သည့် ဦးရဲထွဋ်က ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးဦးရဲထွဋ်က "တရားဝင်မှတ်တမ်းတွေအရ ပြောရမယ်ဆိုရင် မြန်မာနိုင်ငံမှာ ဗြိတိသျှကိုလိုနီလက်ထက် ၁၉၃၁ခုနှစ်က သန်းခေါင်စာရင်းကောက်ယူခဲ့မှု၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၇၃၊ ၁၉၈၃ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမှုတွေမှာ လက်ရှိဘင်္ဂါလီ လူမျိုးတွေက ဘင်္ဂါလီလို့ပဲ တရားဝင်လက်ခံဖော်ပြသုံးနှုန်းခဲ့ကြပါတယ်။ ၂၀၁၂ ခုနှစ် မေလအတွင်းက ရခိုင်ပြည်နယ်တစ်ခုလုံးမှာ အိမ်ထောင်စုစာရင်းကောက်ယူခဲ့ရာမှာလည်း ဘင်္ဂါလီလူမျိုးလို့ပဲ တရားဝင်သုံးစွဲခဲ့ပါတယ်၊ အဲဒီနောက်ပိုင်း ဒေသခံရခိုင်တိုင်းရင်းသားတွေနဲ့ ဘင်္ဂါလီလူမျိုးအကြား ပဋိပက္ခဖြစ်ပွားပြီး အတွက် အခုလုပ်ဆောင်နေတဲ့ သန်းခေါင်စာရင်းကောက်ယူတဲ့ လုပ်ငန်းအပေါ်မှာ အခွင့်ကောင်းယူပြီး ဆောင်ရွက်လာတဲ့ဖြစ်စဉ်လို့ပဲ သုံးသပ်ရမှာဖြစ်ပါတယ်" ဟုသုံးသပ်ပြောပြခဲ့သည်။

သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းစဉ်ကို နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်အဖြစ် ခံယူလျက်တည်ငြိမ်အေးချမ်းစွာ အင်တိုက်အားတိုက် ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိကြသော်လည်း အချို့အချို့သော ပုဂ္ဂိုလ်အချို့၏ နှောင့်ယှက်မှုများကြောင့် လုပ်ငန်းကြန့်ကြာမှုများ၊ အဟန့်အတားများဖြစ်စေကြောင်း သိရှိရသည်။

လက်ရှိသန်းခေါင်စာရင်း ကောက်ယူနေမှုနှင့် ပတ်သက်၍တွေ့ကြုံရမှုကို ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်စိုးက "ရိုဟင်ဂျာဆိုတဲ့ လူမျိုးအမည်ကို နိုင်ငံတော်ကလက်ခံထားတာမရှိပါဘူး၊ တည်ဆဲဥပဒေတွေနဲ့လည်း ကိုက်ညီမှုမရှိပါဘူး၊ ဒါကြောင့် သန်းခေါင်စာရင်းမေးခွန်းပုံစံမှာ ရိုဟင်ဂျာဆိုတဲ့အမည် ထည့်သွင်းဖို့ခွင့်မပြုပါဘူး၊ တရားဝင်ရှိပြီးသား လူမျိုးအမည်ကို ပြောဆိုမယ်ဆိုရင် သူတို့ကို သန်းခေါင်စာရင်းကောက်ယူပါတယ်၊ အဲဒီလူမျိုးအမည်မှာ မပြောနိုင်သေးဘူးဆိုရင်လည်း အဲဒီအမည်ကိုလတ်တလော မကောက်ယူသေးဘဲ တခြားအချက်အလက်တွေကို ဖြေကြားပေးမယ်ဆိုရင် သန်းခေါင်စာရင်းကောက်ယူပေးနေပါတယ်၊ ရိုဟင်ဂျာလို့ပြောတာနဲ့ ဆက်မကောက်တာမဟုတ်ပါဘူး" ဟုပြောပြသည်။

ဆက်လက်၍ ၎င်းက "အခုဖြစ်နေတာက ဘာမှကိုမေးလို့မရဘူး။ မေးသမျှကို လူနာမည် ရိုဟင်ဂျာ၊ အဖေနာမည် ရိုဟင်ဂျာ၊ အမေနာမည် ရိုဟင်ဂျာ၊ လူမျိုး ရိုဟင်ဂျာဆိုပြီး ပြောနေတာမျိုးတွေတောင်ရှိပါတယ်။ ဒါကြောင့် ကျွန်မတို့က သန်းခေါင်စာရင်းကောက်ပြီး ဖိအားပေးတာ၊ ခြိမ်းခြောက်တာ၊ ခွဲခြားတာမျိုးမရှိဘူးလို့ ပြောချင်ပါတယ်။ လူ့အဖွဲ့အစည်းအတွက် အကျိုးဖြစ်ထွန်းစေချင်တဲ့ ရည်ရွယ်ချက်တစ်ခုပဲရှိပါတယ်" ဟု ရှင်းပြခဲ့သည်။

ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့၏ ဧပြီ ၁ ရက်ထုတ် သတင်းထုတ်ပြန်ကြေညာချက်တွင်မူ "လူမျိုးအမည် ရိုဟင်ဂျာဟုဖြေကြားလိုသူများကို သန်းခေါင်စာရင်းကောက်ယူမှုမပြုခြင်းအပေါ် အလွန်စိုးရိမ်လျက်ရှိကြောင်း" ဖော်ပြထားသည်ကို တွေ့ရှိရသည်။



ရခိုင်ပြည်နယ် အတွင်း သန်းခေါင်စာရင်း ကောက်ယူရာတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နေသည့် ဘင်္ဂါလီလူမျိုးများကို တွေ့မြင်ရစဉ်။

မတ်လ ၃၀ ရက်မှစ၍ ဆောင်ရွက်လျက်ရှိသည့် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရာတွင် ဧပြီ ၂ရက်အထိ အိမ်ထောင်စုပေါင်း ၄၆၈၂၀၉၆ ကောက်ယူရရှိပြီးဖြစ်ကြောင်းနှင့် အဆိုပါလုပ်ငန်းစဉ်၏ ၄၅ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း ပြည်သူ့အင်အားဦးစီးဌာနမှ သိရှိရသည်။ တစ်နိုင်ငံလုံးတွင် ထိုကဲ့သို့ အဆင်ပြေချောမွေ့နေသော်လည်း ရခိုင်ပြည်နယ်တွင်မူ ရိုဟင်ဂျာဆိုသည့်အသုံးအနှုန်းကြောင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် အနှောင့်အယှက်အချို့ ဖြစ်ပေါ်လျက်ရှိသည်။

ယခုအခါ ရခိုင်ပြည်နယ်အတွင်းရှိ ဘင်္ဂါလီလူမျိုးအချို့က သန်းခေါင်စာရင်းကောက်ယူရာတွင် ရိုဟင်ဂျာလူမျိုးအမည်ကိုသာ ထည့်သွင်းပေးရန် အတင်းအကျပ်တောင်းဆိုလာသကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းအချို့ကလည်း ယင်းအမည်ကို ဖော်ပြသင့်ကြောင်း လူ့အခွင့်အရေးရှုထောင့်မှ ချဉ်းကပ်ပြောဆိုမှုများရှိလာသည်ကို တွေ့ရသည်။

ရိုဟင်ဂျာအသုံးအနှုန်းကို နိုင်ငံရေးမှာ အသုံးပြုခဲ့တဲ့အတွက် ရခိုင်ပြည်နယ်အတွင်းမှာ ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှစ၍ လူပေါင်း ၂၀၀ ခန့် သေဆုံးခဲ့ရပြီး ၂၆၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ အိမ်ခြေ ၈၆၁၄ လုံး မီးလောင်ပျက်စီးခဲ့ပြီး လူပေါင်းတစ်သိန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြကြောင်း မှတ်တမ်းများအရ သိရှိရသည်။ ယင်းဖြစ်စဉ်များကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သူများအား ကူညီဆောင်ရွက်မှုများကို နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ယနေ့တိုင်ကူညီပူးပေါင်းဆောင်ရွက်နေရဆဲဖြစ်သည်။

ထိုသို့ နိုင်ငံတကာကပြောဆိုမှုများနှင့်ပတ်သက်၍ "အခုလို သန်းခေါင်စာရင်းကောက်တဲ့နေရာမှာ ရိုဟင်ဂျာဆိုတဲ့အသုံးအနှုန်းကို အသုံးမပြုတာဟာ သန်းခေါင်စာရင်းအကျိုးရလဒ်နဲ့အနှစ်သာရကို မထိခိုက်နိုင်ပါဘူး။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်မတို့နိုင်ငံတွင်းမှာရှိတဲ့ ပြည်သူတွေကလည်း ကန့်ကွက်တာမျိုးမရှိပါဘူး။ ရိုဟင်ဂျာဆိုတဲ့ အသုံးအနှုန်းကြောင့် လူတစ်ဦးချင်းစီရဲ့ ထုတ်ဖော်ပြောဆိုခွင့်တွေ ဆုံးရှုံးနေတယ်လို့ စွပ်စွဲပြောဆိုတာတွေနဲ့ ပတ်သက်ပြီး ပကတိဖြစ်ရပ်မှန်တွေနဲ့ အမှန်တကယ်ကိုက်ညီမှု ရှိ မရှိ ဆန်းစစ်ကြဖို့လိုပါတယ်"ဟု ပြည်သူ့အင်အားဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်စိုးက ရှင်းပြခဲ့သည်။

ရိုဟင်ဂျာအမည် စတင်ဖြစ်ပေါ်လာရခြင်းနှင့် ပတ်သက်၍လည်း



ရခိုင်ပြည်နယ် အတွင်း သန်းခေါင်စာရင်းကောက်ယူရာတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နေသည့် ဘင်္ဂါလီလူမျိုးများကို တွေ့မြင်ရစဉ်။

မှုပဲ ရိုဟင်ဂျာလို့ ပြောင်းလဲသုံးနှုန်းလာတာ တွေ့ရပါတယ်။ ဒါ့အပြင် အိမ်ထောင်စုစာရင်းကောက်တဲ့သူတွေကို ရန်ပြုတာ၊ အကြမ်းဖက် တိုက်ခိုက်လာတာတွေကိုလည်း တွေ့ရပါတယ်" ဟုရှင်းပြခဲ့သည်။

ဆက်လက်၍ ၎င်းက" တကယ်တမ်းပြောရရင် မြန်မာ့သမိုင်းကို လေ့လာကြည့်တဲ့အခါ ရိုဟင်ဂျာဆိုတဲ့ ဝေါဟာရဟာ ၁၉၄၆ ခုနှစ်ကနေ ၁၉၅၀ ပြည့်လွန်နှစ်တွေအထိ ရခိုင်ပြည်နယ်မှာ ဖြစ်ပေါ်ခဲ့တဲ့ မူဂျာဟစ်ခွဲထွက်ရေးလှုပ်ရှားမှုတွေကတစ်ဆင့် စတင်ပေါ်ပေါက်ခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။ သန်းခေါင်စာရင်းမကောက်မီ အစောပိုင်းတုန်းက ဒီလိုပြဿနာတွေမရှိခဲ့ဘဲ အခုနောက်ပိုင်းမှသာ ဒါကိုသိသိသာသာ ရှေ့တန်းတင်လာတဲ့

ရိုဟင်ဂျာအသုံးအနှုန်းကြောင့်ဖြစ်ပေါ်လာမည့် အခြေအနေအပေါ် "ဒါဟာ သန်းခေါင်စာရင်းအကျိုးရလဒ်နဲ့ တိုက်ရိုက်မသက်ဆိုင်ပါဘူး။ ဒီအသုံးအနှုန်းကြောင့် နိုင်ငံမှာအကြမ်းဖက်မှုတွေဖြစ်ပေါ်လာမှာကို မလိုလားပါဘူး။ ဒါကြောင့် ဒီအသုံးအနှုန်းကို ရှောင်ရှားဆောင်ရွက်တာဟာ နိုင်ငံအတွက်၊ ဒါမှမဟုတ် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက်၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းတွေအတွက် ရေရှည်မျှော်တွေးစဉ်းစားပေးရမယ့် မျှတတဲ့ဆုံးဖြတ်ချက် တစ်ရပ်ပဲဖြစ်တယ်ဆိုတာ ပြည်သူလူထုသိစေချင်ပါတယ်" ဟု ဒုတိယဝန်ကြီး ဦးရဲထွဋ်က ပြောကြားခဲ့သည်။

ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးအဖွဲ့မှ အစ္စလာမ်ကိုယ်စားလှယ် ဟာဂျီဦးအေးလွင်ကလည်း "ကျွန်တော့်အမြင်ကတော့ သမိုင်းကြောင်းတွေ၊ ဥပဒေတွေ ဘယ်လိုပဲရှိရှိ လောလောဆယ်အခြေအနေမှာ မိမိတို့ရဲ့ ပြည့်ဝတဲ့လူ့အခွင့်အရေးနဲ့ နိုင်ငံသားအခွင့်အရေးရဖို့ ပိုပြီးအရေးကြီးပါတယ်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးနဲ့ တိုင်းပြည်အေးချမ်းရေးကိုပဲ လောလောဆယ် ဦးစားပေးဆောင်ရွက်သင့်ပါတယ်။ အဲဒီလို ဆောင်ရွက်စေလိုတာဟာ မိမိတို့ရဲ့ ရချင်တဲ့အခွင့်အရေးကို စွန့်လွှတ်ဖို့ပြောတာမဟုတ်ပါဘူး။ တစ်ချိန်ချိန်မှာ အေးချမ်းတည်ငြိမ်သွားတဲ့အခါ ရသင့်ရထိုက်တယ်လို့ ထင်တဲ့ဟာကို တရားဥပဒေကြောင်းအရ နည်းလမ်းတကျ ပြန်ပြီးဆောင်ရွက်နိုင်ပါတယ်။ ဦးစားပေးပေါ့။ ဦးစားပေးကတော့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးနဲ့ တည်ငြိမ်အေးချမ်းရေး၊ ဒါမှလည်း အားလုံးရဲ့ဖွံ့ဖြိုးတိုးတက်မှုဖြစ်မယ်" ဟု ၎င်း၏အမြင်ကို သုံးသပ်ပြောပြခဲ့သည်။

**ဒီအသုံးအနှုန်းကြောင့် နိုင်ငံမှာအကြမ်းဖက်မှုတွေ ဖြစ်ပေါ်လာမှာကို မလိုလားပါဘူး။ ဒါကြောင့် ဒီအသုံးအနှုန်းကို ရှောင်ရှားဆောင်ရွက်တာဟာ နိုင်ငံအတွက်၊ ဒါမှမဟုတ် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက်၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းတွေအတွက် ရေရှည်မျှော်တွေးစဉ်းစားပေးရမယ့် မျှတတဲ့ဆုံးဖြတ်ချက် တစ်ရပ်ပဲဖြစ်တယ်ဆိုတာ ပြည်သူလူထုသိစေချင်။**

## မန်စီမြို့နယ်အတွင်း သန်းခေါင်စာရင်းကောက်ယူမှု အခြေအနေကြည့်ရှုစစ်ဆေး

မန်စီ ဧပြီ ၄

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်အတွင်း ဧပြီ ၃ ရက်က လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်ကိုကို၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးနှင့် သန်းခေါင်စာရင်းကောက်ယူရေးအထောက်အကူပြုအဖွဲ့များသည် မန်စီမြို့ IDP Camp ဂျိန်းဖောမြေရပ်ကွက်၊ ပြင်ဦးလွင်ရပ်ကွက်၊ ကောင်ရာရပ်ကွက်များ၌ သန်းခေါင်စာရင်းကောက်ယူမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ(မူကြမ်း)နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး စာနယ်ဇင်းအဖွဲ့အစည်းများ၏ အကြံဉာဏ်နှင့်သဘောထားများ ရယူဆောင်ရွက်သွားမည်

**နေပြည်တော် ဧပြီ ၄**

ပြည်ထောင်စုလွှတ်တော်မှ အတည်ပြု ပြဋ္ဌာန်းပြီးဖြစ်သော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ ပြန်ကြားရေးဝန်ကြီးဌာနက ရေးဆွဲထားသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ (မူကြမ်း) ကို စာပေစာနယ်ဇင်းဆိုင်ရာ အဖွဲ့အစည်းများအား ဖိတ်ကြား၍ ယနေ့မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး၌ ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့် တာဝန်ရှိသူများက အသေးစိတ် ရှင်းလင်းချပြဆွေးနွေးပြီး တက်ရောက်လာသော စာပေစာနယ်ဇင်းအဖွဲ့အစည်းများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

အဆိုပါရှင်းလင်းပွဲသို့ မြန်မာနိုင်ငံ စာရေးဆရာများအသင်း၊ မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံသတင်းစာဆရာများအသင်း၊ မြန်မာနိုင်ငံ စာနယ်ဇင်းသမဂ္ဂ၊ ဂျာနယ်လစ်ကွန်ရက်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)အနေဖြင့် သတင်းမီဒီယာနည်းဥပဒေများ ရေးဆွဲရန် အစည်းအဝေးနှင့် တိုက်ဆိုင်နေသဖြင့် တက်ရောက်နိုင်ခြင်းမရှိကြောင်းသိရပြီး ဝန်ကြီးဌာနအနေဖြင့် ယနေ့ဆွေးနွေးသည့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း နည်းဥပဒေများ(မူကြမ်း)ကို အစည်းအဝေးနှင့် တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)သို့ ပေးပို့ထားပြီး ပြင်ဆင်၊ ဖြည့်စွက် အကြံပြုလိုသည့်အချက်များ တောင်းခံထားကြောင်း သိရသည်။



**ဒုတိယဝန်ကြီး ဦးရဲထွဋ် ပြန်ကြားရေးဝန်ကြီးဌာနက ရေးဆွဲထားသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ (မူကြမ်း)ကို စာပေစာနယ်ဇင်း ဆိုင်ရာ အဖွဲ့အစည်းများအား ဖိတ်ကြား၍ ရှင်းလင်းဆွေးနွေးစဉ်။** (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နည်းဥပဒေများ (မူကြမ်း)အပေါ် စာပေစာနယ်ဇင်းအဖွဲ့များ၏ အကြံပြုချက်သဘောထားများကို ပေးပို့နိုင်ရန် ပုံစံပြုစု၍ တစ်ပါတည်းပေးလိုက်ပြီး ဧပြီ ၁၁ ရက်အရောက် ပြန်လည်တောင်းခံထားကြောင်း၊ စာနယ်ဇင်းအဖွဲ့များ၏အကြံပြုချက်များအပေါ် ပြန်လည်သုံးသပ် ပြုပြင်ရေးဆွဲပြီး ထပ်မံညှိနှိုင်း ဆွေးနွေးအတည်ပြု၍ လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

### ◆ ကျောဖုံးမှ

ထိုကဲ့သို့ ယာယီဆိုင်းငံ့ထားစဉ်ကာလအတွင်း MSF-H ၏ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အခြားနိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGOs) နှင့် လောလောဆယ် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါ ကြားကာလအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မပျက် ပိုမိုအားဖြည့်စီမံကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**ပူးပေါင်းဆောင်ရွက်**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း ကုလသမဂ္ဂကလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ လူမှုရေးအသင်းအဖွဲ့များနှင့် လက်တွဲ၍ ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိ ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းမှုအခြေအနေအရ MSF-H ၏လုပ်ငန်းဆောင်ရွက်မှုများကို ယာယီဆိုင်းငံ့ထားရခြင်းဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများတွင် MSF-H နှင့် ပူးပေါင်းဆောင်ရွက်သွားရန်နှင့် MSF-H ၏လုပ်ငန်းဆောင်ရွက်မှုများကို အခြေအနေပေးသည်နှင့်အမျှ ပြန်လည်ခွင့်ပြုပေးသွားရန် MSF-H နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာလုံးဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (The Global Fund) ၏ ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍လည်း ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

---

# ပျောက်ဆုံးမလေးရှားလေယာဉ်နှင့်ပတ်သက်ပြီး ရေအောက်ရှာဖွေရေးများစတင်လုပ်ဆောင်

**ပတ်သ် ဧပြီ ၄**

လေယာဉ်၏ black box ကို ရှာဖွေစုံစမ်းထောက်လှမ်းနိုင်သော ဒီတက်တာတပ်ဆင်ထားသည့် အမေရိကန် ရေတပ်သင်္ဘောတစ်စင်းနှင့် အတူ နိုင်ငံတကာရှာဖွေရေးအဖွဲ့များက ပျောက်ဆုံးလေယာဉ်ရှာဖွေမှုကို ဧပြီ ၄ ရက်ကစပြီး ပင်လယ်ရေအောက်ရှာဖွေခြင်းဖြင့် စတင်ခဲ့ကြသည်။

ဩစတြေးလျအာဏာပိုင်များက ယင်းဒီတက်တာမှာ Towed Pinger Locator အမျိုးအစားဖြစ်ပြီး HMAS Ocean Shield ရေတပ်သင်္ဘောနှင့်ချိတ်ဆက်ထားကြောင်း၊ ဗြိတိသျှ ဟိုက်ဒရိုဂရပ်ဖစ် ဆာဗေးသင်္ဘော HMS Echo နှင့် ဒီတက်တာပါ ဩစတြေးလျရေတပ်တို့ ပေါင်းကာ ကီလိုမီတာ ၂၄၀ ရှည်သော ရေလမ်းကြောင်းတစ်လျှောက် ရှာဖွေမှုများ ပြုလုပ်ကြမည်ဖြစ်ကြောင်း ဆိုသည်။

လေယာဉ်ပျောက်သွားသည်ဟု ခန့်မှန်းထားကြသောနေရာတွင် ရေအောက်ရှာဖွေမှု ပြုလုပ်နေကြကြောင်း လေယာဉ်ပျောက်ရှာဖွေရေးကို ဦးဆောင်ညှိနှိုင်းပေးသော ဩစတြေးလျအေဂျင်စီ အကြီးအကဲ အငြိမ်းစား ရေတပ်ဗိုလ်ချုပ်ကြီး အင်ဂက်စ်ဟောက်စတန်က သတင်းထောက်များကို ပြောကြားသည်။

ကျွမ်းကျင်သူများကမူ ယင်း Towed Pinger Locator အမျိုးအစား ဒီတက်တာများမှာ လေယာဉ်ရေထဲပျက်ကျသော နေရာအတိအကျမသိပါက လေယာဉ်ရှာဖွေရန်မလွယ်ကူလှကြောင်း၊ အကြောင်းမှာ သင်္ဘောတစ်စင်းက ၎င်းကိုဆွဲသွားရခြင်းဖြစ်သည့်အတွက် ၎င်းရှာဖွေနယ်နိမိတ်အကန့်အသတ်ရှိသလို ဖြည်းဖြည်းသာသွားနိုင်သဖြင့် ကျယ်ပြန့်သော ပင်လယ်ပြင်ကို မြန်မြန်ဆန်ဆန်ရှာဖွေမှုပေးနိုင်မှာမဟုတ်ဟု ဆိုသည်။

ဧပြီ ၄ ရက်တွင် ပြုလုပ်သော လေယာဉ်ရှာဖွေရေး၌ စစ်ဘက်လေယာဉ် ၁၀ စင်း၊ အရပ်ဘက်လေယာဉ်လေးစင်းနှင့် သင်္ဘော ရှစ်စင်းစုစုပေါင်း လေယာဉ် သင်္ဘော ၂၂ စင်းဖြင့် ပင်လယ်ပြင်ရှာဖွေရေးပြုလုပ်ခဲ့ကြပြီး ရှာဖွေနယ်ပယ်မှာ ပတ်သ်မြို့အနောက်မြောက် ကီလိုမီတာ ၁၆၈၀ အကွာအဝေးရှိ ဧရိယာတစ်ခုအတွင်း၌ဖြစ်ကြောင်း၊ ယင်းဧရိယာ၏အကျယ်မှာ စတုရန်းကီလိုမီတာ ၂၂၇၀၀၀ ရှိကြောင်း သိရသည်။ ပင်လယ်ပြင်ရှာဖွေမှုကို အားဖြည့်ရန် ဗြိတိန်နိုင်ငံက ဆိုနာစွမ်းဆောင်ရည်ပါ HMS Tireless နျူကလီးယား ရေငုပ်သင်္ဘောတစ်စင်း စေလွှတ်ထားသလို မလေးရှားအစိုးရကလည်း ဖရိဂိတ်ရေတပ်သင်္ဘောတစ်စင်းကို စေလွှတ်ထားကြောင်း သိရသည်။

ထိုနည်းတူ တောင်ကိုရီးယားကလည်း ပျောက်ဆုံးလေယာဉ်ရှာဖွေရေးတွင် ၎င်းတို့၏ဂြိုဟ်တုသုံးလုံးဖြင့်ပါဝင်ကူညီလျက်ရှိရာ ဂြိုဟ်တုသုံးလုံးထဲက တစ်လုံးမှာသံသယဖြစ်ဖွယ် အပိုင်းအစအချို့ကို ဖမ်းယူရရှိခဲ့ကြောင်း ဆိုသည်။ တောင်ကိုရီးယားအာဏာပိုင်များက ၎င်းတို့၏ Arirang-2 ဘက်စုံသုံးဂြိုဟ်တုမှ သံသယဖြစ်ဖွယ်ရေပေါ်မျော အရာဝတ္ထုလေးခုကို ဧပြီ ၄ ရက်က ဖမ်းယူရရှိထားကြောင်း အတည်ပြုပြောကြားသည်။

ထိုနည်းတူ Haixum OL အမျိုးအစား တရုတ်ကင်းလှည့်သင်္ဘောတစ်စင်းကလည်း ဧပြီ ၃ ရက်ကစပြီး ရှာဖွေမှုများ တိုးမြှင့်လုပ်ဆောင်ခဲ့ပြီး ဩစတြေးလျ အနောက်ဘက်ကမ်းရိုးတန်းမှ အလွန်ဝေးကွာသော ပင်လယ်ပြင်၌ ဦးစားပေးရှာဖွေမှုများ ပြုလုပ်နေသည်။ ရှာဖွေနယ်နိမိတ်မှာ မြောက်ဘက်သို့ တိုးလာလေ ရေပိုနက်လေ၊ အန္တရာယ် ပိုကြီးလေဖြစ်ကြောင်း၊ လက်ရှိရှာဖွေနယ်နိမိတ်မှာ ရေအနက် ကီလိုမီတာ ၅၀၀၀ ခန့်ရှိပြီး ရေစီးအလွန်သန်ကြောင်း ဩစတြေးလျအာဏာပိုင်များက ဆိုသည်။ **(ရိုက်တာ/ဆင်ဟွာ)**

**ဘာသာပြန် – ကျော်သဲအိမ်**

---




ပြည်တွင်းသတင်းနှင့် ကြော်ငြာ

## မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ကသာ မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ဝဲလာကျေးရွာအနီး မသင်္ကာဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးခဲ့ရာမှ မူးယစ်ဆေးဝါး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပင်လည်ဘူးမြို့နယ် မြေလင်းရဲကင်းစခန်းမှူး ဒုရဲအုပ်ခင်မောင်ညွန့်သည် ခရိုင်အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့မှ တပ်ကြပ်ကြီးကျော်ကျော်ဦးနှင့်အတူ စစ်ကိုင်းတိုင်းမှုခင်းအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးမင်းဇော်ဦး ဦးဆောင်သော ကသာခရိုင်အတွင်း တရားမဝင်သစ်ဖမ်းဆီးရေး စစ်ကြောင်းဖြင့် ထွက်ခွာလာစဉ် မေ ၃ ရက်နံနက် ၁၀ နာရီခွဲက ဝဲလာကျေးရွာအနီး မြတ်နိုးသူ သစ်ထုတ်လုပ်ရေးလမ်းမပေါ်အရောက်တွင် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ကျည်ပွင့်သလင်းရွာဘက်မှ ဝဲလာကျေးရွာဘက်သို့ ဦးမင်းမောင်နှင်လာပြီး ထွန်းလွင်နောက်မှ စီးနင်းလိုက်ပါသော ကင်ဘိုဆိုင်ကယ်အား မသင်္ကာ၍ ရပ်တန့်စစ်ဆေးခဲ့သည်။ ဦးမင်းဝတ်ဆင်ထားသော နက်ပြာရောင် အင်္ကျီအိတ်ကပ်အတွင်းမှ ပင်နီဆီလင်ပုလင်းဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်အလေးချိန် ၀ ဒသမ ၂၅ ဂရမ်ပါ ပုလင်းတစ်လုံး၊ ထွန်းလွင်လွယ်ထားသော အဝါရောင်လွယ်အိတ်အတွင်းမှ ဘိန်းဖြူဟုယူဆရသော အလေးချိန် ၀ ဒသမ ၂၅ ဂရမ်ပါ ပုလင်းတစ်လုံး စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၅၀၀၀၀ ခန့်နှင့် အပြာရောင် ဂက်စ်မီးခြစ်တစ်လုံး၊ အညိုရောင် ပိုက်ဆံအိတ်အတွင်း ဦးမင်းအမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု၊ အဝါရောင်လွယ်အိတ်တစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ပင်လည်ဘူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။**ဦးရဲ(ကသာ)**

## တူမီးသေနတ်ကိုင်ဆောင်သူအား အရေးယူ

**နေပြည်တော် မေ ၄**

မေ ၂ ရက် ညနေ ၆ နာရီခွဲက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တောင်ပို့နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကွမ်းတောကျေးရွာအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ရွာ၏အရှေ့တောင်ဘက်လမ်းမပေါ်၌ သပြေကုန်းကျေးရွာနေ ကျော်နိုင်ဝင်း(၃၀ နှစ်)အား အရှည် ၄ ဒသမ ၅ ပေခန့်ရှိ တူမီးသေနတ်တစ်လက်၊ အရှည် သုံးပေခန့်ရှိ ကျည်ထိုးသံချောင်းတစ်ချောင်း၊ ခဲသီး ၁၉ လုံး၊ ယမ်းမှုန့်တစ်ဝက်ပါ ဘူးတစ်ဘူး ၊ စက္ကူကပ် မီးကူးယမ်း အခု ၂၀ တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သောကြောင့် ကျော်နိုင်ဝင်းကို တောင်ပို့နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

**ကိုရဲ**



## ကလေးဝမြို့တွင် ဆင်စွယ်နှင့် သင်းခွေချပ်ခွံများဖမ်းမိ

**ကလေးဝ မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့ မြစ်သာတံတားထိပ်တွင် ကလေးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်ပေါ်တွင် ကျပ်သိန်း ၆၀ တန်ဖိုးရှိ ဆင်စွယ်နှစ်ချောင်းနှင့် ကျပ်သိန်း ၂၀ ကျော် တန်ဖိုးရှိ သင်းခွေချပ်ခွံ ၃၄ ပိဿာကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ကလေးဝမြို့နယ် တောင်ကုန်းကျေးရွာအနီး ကလေးဝ-ယာကြီး-မုံရွာကားလမ်း မိုင်တိုင်အမှတ် (၁၁၁)တွင် သတင်းအရရှာဖွေစစ်ဆေးစဉ် ကလေးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ရွှေသဇင်ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ ကားထိုင်ခုံနောက်ဆုံးတန်းနှင့် နောက်ပိတ်ကြားတွင် အလျား ၂ ပေ ၁၁ လက်မခန့်၊ အလေးချိန် သုံးပိဿာခန့်စီရှိသော ဆင်စွယ်နှစ်ချောင်း (တစ်ပိဿာလျှင် ကျပ် ၁၀ သိန်းနှုန်းဖြင့် ကာလတန်ဖိုး ကျပ်သိန်း ၆၀ တို့အား တွေ့ရှိရသဖြင့် ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အဆိုပါအမှုနှင့် ပတ်သက်၍ ကလေးဝမြို့မရဲစခန်းမှ သဘာဝအပင်များ တောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးဥပဒေဖြင့် အရေးယူထားကြောင်း သိရသည်။

အဆိုပါအမှုကို ကလေးဝမြို့ ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းဖမ်းဆီးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သျှင်နေမင်း**

## ယာဉ်လမ်းဘေးထိုးကျ တိမ်းမှောက်

**နေပြည်တော် မေ ၄**

မေ ၂ ရက် နံနက် ၇ နာရီ မိနစ် ၅၀ က မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၃၃၁/၀-၁) အကြားတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ပြင်စည်အမြန်လမ်းရဲစခန်းမှတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ရန်ကုန်မှ မန္တလေးသို့ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက်နေ ကျော်သူဌေး (၂၆နှစ်) မောင်းနှင်လာသော 2G/--- လိုက်ထရပ်ယာဉ်မှာ ဝဲဘက်နောက်ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။ ထိုသို့တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူများအနက် မလှိုင်မြို့နယ် မရိုးရွာနေ ဒေါ်သီလှ (၈၆ နှစ်)တွင် ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး မဟာ အောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက်နေ ဦးခင်မောင်မြင့် (၃၈နှစ်)၊ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၁၃ ဦး ဒဏ်ရာများရရှိခဲ့သောကြောင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ပြီး ကျော်သူဌေးကို ပြင်စည်အမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



နိုင်ငံတကာအားကစား

# ပွဲစဉ်(၃၂)မှာ နိုင်ပွဲပြန်ရှာဖွေမယ့် ဂျူဗင်တပ်စ်

မိုးမြင့်လင်းလက်

**စီးရီးအေပွဲစဉ်(၃၂)ကို မေ ၅ ရက်၊ ၆ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ ဒီပွဲမှာတော့ တန်းစီဇယားထိပ်ဆုံးကို ဦးဆောင်နေတဲ့ ဂျူဗင်တပ်စ်ကိုဖိအားပေးမယ့် ရိုးမားရဲ့အားထုတ်မှု၊ နာပိုလီရဲ့ အဝေးကွင်းမှာ တက်ကုန်ရှက်ကုန်လွှင့်ကစားမှုတွေကို ရင်သပ်ရှုမောစရာအားပေးကြရဦးမှာ ဖြစ်ပါတယ်။ ဒါ့အပြင် တန်းစီဇယားထိပ်ဆုံးက ဂျူဗင်တပ်စ်ကို တန်းဆင်းဇုန်ထဲကရုန်းထွက်မယ့် လီဗော်နိုတို့ရဲ့ ပွဲကလည်း မလွတ်တမ်းစောင့်ကြည့်ရမယ့် ပွဲဖြစ်နေပါတယ်။**

**ဂျူဗင်တပ်နှင့် လီဗော်နို**

ပထမအကျော့လီဗော်နိုကွင်းမှာ ကစားတော့ဂျူဗင်တပ်စ်တို့က နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် အခုအခြေအနေက လီဗော်နိုတို့ အပြင်းအထန်တွန်းလှန်ကစားမယ့် စိတ်ဓာတ်ကိုဂျူဗင်တပ်စ်တို့ချိုးနှိမ်ဖို့ ကြိုးစားရပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ ထိပ်တိုက်တွေ့ဆုံမှု နှစ်ကြိမ်မှာတစ်ကြိမ်က တစ်ဂိုးစီသရေပွဲဖြစ်ထားပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်(၃၁)မှာ နာပိုလီကိုရှုံးခဲ့တဲ့ ဂျူဗင်တပ်စ်တို့ အခုပွဲမှာနိုင်ပွဲပြန်ရှာမှာမို့ လီဗော်နိုရဲ့ ကြိုးစားမှုဟာ အရာထင်ဖို့မလွယ်ပါဘူး။

**ကက်ဂလီယာရီနှင့် ရိုးမား**

ဒီပွဲကကြည့်ကောင်းမယ့်ပွဲဖြစ်ပါတယ်။ ပထမအကျော့ရိုးမားကွင်းမှာ ကက်ဂလီယာရီတို့ ဂိုးမရှိသရေပွဲကစားထားတာမို့ အခုပွဲဟာ အပြန်အလှန် ဖိအားပေးကစားကြပါလိမ့်မယ်။ ရိုးမားတို့က နောက်ဆုံးငါးပွဲကစားတဲ့ရလဒ်ကို ကြည့်ရင် သုံးပွဲနိုင် နှစ်ပွဲရှုံး ထားပါတယ်။ ကက်ဂလီယာရီတို့ကတော့ နောက်ဆုံးငါးပွဲမှာ သုံးပွဲနိုင် နှစ်ပွဲရှုံးထားလို့ ရလဒ်ပိုင်းက တူညီနေပါတယ်။ ဒါပေမယ့် ရိုးမားရဲ့ တော့တီ၊ ဒက်စဗရိုနဲ့ ဂါဗင်ဟိုတို့က စွမ်းအားပြည့်ကစားနိုင်တာမို့ ကက်ဂလီယာရီတို့ အိမ်ကွင်းဆိုပေမယ့် အပျော်တွေ ပျောက်ကွယ်နေဦးမှာပါ။

**ပါးမားနှင့် နာပိုလီ**

တန်းစီဇယား ဒုတိယနေရာက ရိုးမားကို အမီလိုက်ဖို့ ကြိုးစားနေတဲ့ နာပိုလီဟာ ပထမအကျော့ ရှုံးကြွေးကိုပြန်ဆပ်ပါလိမ့်မယ်။ ပါးမားတို့ဟာ နာပိုလီနဲ့ဆုံတိုင်း နိုင်ပွဲရရှိတာနည်းပေမယ့် စွမ်းဆောင်မှုအပိုင်းက အမြင့်ဆုံး နေရာမှာရှိနေပါတယ်။ ဒါပေမယ့် ဟီဂူအင်၊ ကယ်လီဂျွန်တို့ရဲ့ တိုက်စစ်နဲ့ နာပိုလီဟာ ပါးမားကို အနိုင်ယူဖို့ကြိုးစားမှာ ဖြစ်တာမို့ အကြိုက်ကတော့ နာပိုလီ ဖြစ်ပါတယ်။ ။

## နိုင်ငံတကာပြည်တွင်းလိဂ် ပွဲစဉ်များ

သီဟ

| | | | |
|---|---|---|---|
| **အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၃၃)** | | | **မေ ၅** |
| မန်စီးတီး | - | ဆောက်သမ်တန် | ည ၆း၁၅ |
| အက်စ်တွန်ဗီလာ | - | ဖူလ်ဟမ် | ည ၈း၃၀ |
| ကာဒစ်ဖ် | - | ပဲလေ့စ် | ည ၈း၃၀ |
| ဟားလ်စီးတီး | - | ဆွမ်ဆီး | ည ၈း၃၀ |
| နယူးကာဆယ် | - | မန်ယူ | ည ၈း၃၀ |
| နော့ဝှစ်ချ် | - | ဝက်စ်ဘရွန်း | ည ၈း၃၀ |
| ချယ်လ်ဆီး | - | စတုတ်စီးတီး | ည ၁၁း၀၀ |
| **ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၉)** | | | **မေ ၅** |
| စတုဂတ် | - | ဖရိုင်းဘတ် | ည ၈း၀၀ |
| ဝါဒါဘရီမင် | - | ရှော်လ်ကေး | ည ၈း၀၀ |
| နူရင်ဘတ် | - | ဂလက်ဘတ် | ည ၈း၀၀ |
| အော့စ်ဘတ် | - | ဘိုင်ယန်မြူးနစ် | ည ၈း၀၀ |
| ဖရန့်ဖတ် | - | မိန့်ဇ် | ည ၈း၀၀ |
| ဒေါ့မွန် | - | ဝုဖ်ဘတ် | ည ၁၁း၀၀ |
| **အီတလီစီးရီးအေ ပွဲစဉ်(၃၂)** | | | **မေ ၅/၆** |
| ချီယေဗို | - | ဗီရိုနာ | ည ၁၀း၃၀ |
| အင်တာ | - | ဘိုလော့ဂ်နာ | နံနက် ၁း၁၅ |
| **စပိန်လာလီဂါ ပွဲစဉ်(၃၂)** | | | **မေ ၅/၆** |
| အက်သလက်တီကို | - | ဗီလာရီးရဲလ် | ည ၈း၃၀ |
| ဘာစီလိုနာ | - | ဘက်တစ် | ည ၁၀း၃၀ |
| ဆိုစီဒက် | - | ရီးရဲမက်ဒရစ် | နံနက် ၀၀း၃၀ |
| ဗယ်လက်ကာနို | - | ဆယ်လ်တာဗီဂို | နံနက် ၂း၃၀ |

# ယူရိုပါလိဂ်ကွာတားဖိုင်နယ် ဂျူဗင်တပ်စ်နောက်ကျဂိုးဖြင့်နိုင်

ယူရိုပါလိဂ် ကွာတားဖိုင်နယ် ပထမအကျော့တွင် ဂျူဗင်တပ်စ်က လိုင်ယွန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့သည်။ လီယိုနာဒို ဘွန်နူစီ၏ နောက်ကျဂိုးဖြင့် ဂျူဗင်တပ်စ်က အနိုင်ရရှိသွားခြင်းဖြစ်သည်။ ဘွန်နူစီ၏ နောက်ကျဂိုး မသွင်းမီ နှစ်သင်းစလုံး ဂိုးသွင်းခွင့် များစွာရသော်လည်း ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။

ပြီးခဲ့သည့်နှစ်က ဗိုလ်လုပွဲတက်ခဲ့သည့် ဘင်ဖီကာအသင်းသည် အယ်ခမာအသင်းကို အဝေးကွင်းတစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ ဘေဆယ်က ဗလင်စီယာကို သုံးဂိုးပြတ်ဖြင့် နိုင်ပြီး ပေါ်တိုက ဆီဗီလာကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်သည်။



# ဗီလာတိုက်စစ်မှူး ခြောက်လနားရမည်

အက်စ်တွန်ဗီလာတိုက်စစ်မှူး ဘင်တီကေးသည် ခြေဖနောင့်ကြောပြတ်သွား၍ အနည်းဆုံး ခြောက်လကြာ အနားယူရလိမ့်မည်ဖြစ်သည်။ အသက် ၂၃ နှစ်ရှိ ဘယ်လ်ဂျီယံကစားသမား ဘင်တီကေးသည် ၎င်းဒဏ်ရာကြောင့် ဘရာဇီး၌ ကျင်းပသော ကမ္ဘာ့ဖလားဘောလုံးပွဲနှင့် လွဲချော်လိမ့်မည်ဖြစ်သည်။ ဘင်တီကေးသည် ၂၀၁၂ ခုနှစ် ဩဂုတ်လက ပေါင်ခုနစ်သန်းဖြင့် ဘယ်လ်ဂျီယံကလပ်ဂျန့်(ခ်)မှ ပြောင်းရွှေ့လာခြင်း ဖြစ်သည်။ ၎င်းသည် ပြိုင်ပွဲအားလုံးအတွက် ၂၃ ဂိုးသွင်းယူပေးထားသည်။

**ကောင်းမြတ်သူ-စုစည်းသည်**



# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ**
**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁ ။)**
**၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **လူ့အခွင့်အရေး**ဆိုရာတွင် အောက်ပါတို့ ပါဝင်သည် -

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးများ၊

(၂) ကုလသမဂ္ဂကထုတ်ပြန်ကြေညာသော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါလူ့အခွင့်အရေးများ၊

(၃) နိုင်ငံတော်က လိုက်နာရန်ရှိသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်စာတမ်းများတွင်ပါရှိသည့် လူ့အခွင့်အရေးများ၊

(ဃ) **ကော်မရှင်**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ဆိုသည်။

(င) **ကော်မရှင်အဖွဲ့ဝင်**ဆိုသည်မှာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ အပါအဝင် အဖွဲ့ဝင်တစ်ဦးဦးကိုဆိုသည်။

(စ) **စိစစ်ရွေးချယ်ရေးအဖွဲ့** ဆိုသည်မှာ ကော်မရှင်အဖွဲ့ဝင်လောင်း စိစစ်ရွေးချယ်ရေးအဖွဲ့ကို ဆိုသည်။

(ဆ) **ကော်မရှင်ရုံး** ဆိုသည်မှာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ရန် တည်ထောင်ထားသော ရုံးကိုဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမို၍ ကာကွယ်စောင့်ရှောက်နိုင်ရန်၊

(ခ) ကုလသမဂ္ဂကထုတ်ပြန်သော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို အသိအမှတ်ပြု၍ လူ့အခွင့်အရေးကို လေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရန်၊

(ဂ) နိုင်ငံတော်က လက်ခံထားသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ဆုံးဖြတ်ချက်များ၊ ဒေသဆိုင်ရာ သဘောတူညီချက်များနှင့် ကြေညာချက်များပါ လူ့အခွင့်အရေးများကို ထိရောက်စွာ မြှင့်တင်ကာကွယ်နိုင်ရန်၊

(ဃ) လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် အမျိုးသားအဆင့် အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ဆက်သွယ်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## ကော်မရှင် ဖွဲ့စည်းခြင်း၊ အဆင့်အတန်းနှင့် ရပိုင်ခွင့်များ

**ဖွဲ့စည်းခြင်း**

၄။ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဝင် ဦးရေ အနည်းဆုံး ၇ ဦးမှ အများဆုံး ၁၅ ဦး အထိ ပါဝင်သော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းရမည်။

၅။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ကို ဖွဲ့စည်းနိုင်ရေးအတွက် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ကော်မရှင်အဖွဲ့ဝင်လောင်း စိစစ်ရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည် -

(က) ပြည်ထောင်စုတရားသူကြီးချုပ်၊

(ခ) ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန၊

(ဂ) ပြည်ထောင်စုဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊

(ဃ) ပြည်ထောင်စုရှေ့နေချုပ်၊

(င) မြန်မာနိုင်ငံ တရားလွှတ်တော်ရှေ့နေများကောင်စီမှ ကိုယ်စားလှယ်တစ်ဦး၊

(စ) ပြည်ထောင်စုလွှတ်တော်မှ ကိုယ်စားလှယ်နှစ်ဦး၊

(ဆ) မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ ကိုယ်စားလှယ်တစ်ဦး၊

(ဇ) ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ် နှစ်ဦး။

၆။ စိစစ်ရွေးချယ်ရေးအဖွဲ့သည် အောက်ဖော်ပြပါစံနှင့် ကိုက်ညီသူများကို ကော်မရှင်အဖွဲ့ဝင်လောင်းများ အမည်စာရင်းအတွက် စဉ်းစားရမည် -

(က) မြန်မာနိုင်ငံသားဖြစ်ခြင်း၊

(ခ) အသက် ၃၅ နှစ်ထက်မငယ်သူဖြစ်ခြင်း၊

(ဂ) သိက္ခာသမာဓိနှင့်ပြည့်စုံ၍ အကျင့်စာရိတ္တကောင်းမွန်သူအဖြစ် အသိအမှတ်ပြုခံရပြီး ကော်မရှင်အဖွဲ့ဝင်၏လုပ်ငန်းကို ဘက်လိုက်မှုမရှိဘဲ လွတ်လပ်စွာ ထမ်းဆောင်နိုင်စွမ်းရှိသူဖြစ်ခြင်း၊

(ဃ) အောက်ပါနယ်ပယ်တစ်ရပ်ရပ်တွင် ဗဟုသုတ သို့မဟုတ် အတွေ့အကြုံကြွယ်ဝသူဖြစ်ခြင်း -

(၁) လူ့အခွင့်အရေးမှုများနှင့် သက်ဆိုင်ရာ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေများ၊

(၂) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေး၊

(၃) ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး။

(င) ကော်မရှင်၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ခံယူချက်ရှိသူဖြစ်ခြင်း။

၇။ စိစစ်ရွေးချယ်ရေးအဖွဲ့သည် -

(က) ကော်မရှင်အဖွဲ့ဝင်လောင်းများ၏ အမည်စာရင်းကို စဉ်းစားရာတွင် ကော်မရှင်ဖွဲ့စည်းမှုကို ခြုံငုံစဉ်းစားရမည်။

(ခ) အောက်ပါတို့နှင့်စပ်လျဉ်း၍ ဗဟုသုတ၊ အတွေ့အကြုံ သို့မဟုတ် ကျွမ်းကျင်မှုရှိသူတို့ကို ကော်မရှင်အဖွဲ့ဝင်လောင်းများအဖြစ် ထည့်သွင်းစဉ်းစားရမည် -

(၁) ပြည်တွင်းလူ့အခွင့်အရေးဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေများ၊

(၂) လက်ရှိ စီးပွားရေး၊ အလုပ်အကိုင်နှင့်လူမှုရေးဆိုင်ရာ ကိစ္စရပ်များ၊

(၃) ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များနှင့်လူ့အဖွဲ့အစည်းအတွင်းရှိ ပုဂ္ဂိုလ်တစ်ဦးချင်း၊ မတူညီသော လူ့အသိုက်အဝန်းများနှင့် လူဦးရေအုပ်စုအလိုက် လိုအပ်ချက်များနှင့် မျှော်မှန်းချက်များ၊

(၄) ကော်မရှင်ရှေ့မှောက် ရောက်ရှိလာဖွယ်ရှိသော အခြားမတူကွဲပြားသည့်ကိစ္စရပ်များ၊

(၅) လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များတွင် အားပေးဆောင်ရွက်မှု၊

(၆) အများပြည်သူအား ပညာပေးမှု၊

(၇) ပြည်သူ့အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု၊

(၈) အရပ်ဘက်အဖွဲ့အစည်း၊ ပညာရပ်ဆိုင်ရာ အဆင့်မြင့်အဖွဲ့အစည်းများ၊ လူမှုဝန်ထမ်းလုပ်ငန်းများ၊ ရပ်ရွာဖွံ့ဖြိုးရေးနှင့် ဥပဒေရေးရာ။

(ဂ) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့အရ စဉ်းစားရာတွင် အမျိုးသား၊ အမျိုးသမီးနှင့် တိုင်းရင်းသားလူမျိုးများကို သင့်တင့်မျှတစွာ ပါဝင်စေရမည်။

၈။ စိစစ်ရွေးချယ်ရေးအဖွဲ့သည် ကော်မရှင်အဖွဲ့ဝင်လောင်းများ ရွေးချယ်ရေးအတွက် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရမည်။ ယင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်သော ကော်မရှင်အဖွဲ့ဝင်လောင်း ၃၀ ဦး၏ အမည်စာရင်းကို နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

၉။ နိုင်ငံတော်သမ္မတသည်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်း၍ ပုဒ်မ ၈ အရ တင်ပြသည့် ကော်မရှင်အဖွဲ့ဝင်လောင်းထဲမှ သင့်လျော်သော ကော်မရှင်အဖွဲ့ဝင်များကို ရွေးချယ်ခန့်အပ်ရမည်။ ထိုသို့ ရွေးချယ်ခန့်အပ်ရာတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို တစ်ပါတည်း သတ်မှတ်ရမည်။

၁၀။ ကော်မရှင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရသူသည် ရွေးချယ်ခန့်အပ်ခြင်းခံရသည့် နေ့မှစ၍ -

(က) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ကော်မရှင်အဖွဲ့ဝင်တစ်ဦး၏ လုပ်ငန်းတာဝန်များကို ထိခိုက်စေနိုင်သည့် ပြည်တွင်း ပြည်ပဌာန၊ အဖွဲ့အစည်းနှင့်လုပ်ငန်းများတွင် လုပ်ကိုင်သူဖြစ်ပါက ယင်းတို့မှ နုတ်ထွက်ရမည်။

၁၁။ ကော်မရှင် အဖွဲ့ဝင်တစ်ဦးသည် ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ဘက်လိုက်မှုမရှိဘဲ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ရမည့်အပြင် ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ထိခိုက်စေသည့် သို့မဟုတ် ထိခိုက်စေနိုင်သည်ဟုယူဆရသည့် အခြားလုပ်ငန်းများ သို့မဟုတ် အခြားဆောင်ရွက်ချက်များတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ရမည်။

**အဆင့်အတန်းနှင့်ရပိုင်ခွင့်များ**

၁၂။(က) ကော်မရှင်ဥက္ကဋ္ဌကို ပြည်ထောင်စုဝန်ကြီးအဆင့်အဖြစ် လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ဒုတိယဝန်ကြီးအဆင့်အဖြစ် လည်းကောင်း သတ်မှတ်သည်။

(ခ) ပုဒ်မခွဲ (က) နှင့်အညီ သတ်မှတ်သော အဆင့်အတန်းနှင့် လျော်ညီသည့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့်ရှိစေရမည်။

## အခန်း (၄)
## ကော်မရှင် အဖွဲ့ဝင်၏ ရာထူးသက်တမ်း၊ ရာထူးမှ နုတ်ထွက်ခြင်း၊ တာဝန်မှ ရပ်စဲခြင်းနှင့် လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်း

၁၃။ ကော်မရှင်အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် ငါးနှစ် ဖြစ်သည်။

၁၄။ ကော်မရှင်အဖွဲ့ဝင်များသည် တစ်ဆက်တည်း ရာထူးသက်တမ်းနှစ်ခုထက် ပိုမို တာဝန်ထမ်းဆောင်ခွင့်မရှိစေရ။

၁၅။ ရာထူးမှ နုတ်ထွက်ခြင်း သို့မဟုတ် တာဝန်မှ ရပ်စဲခံရခြင်းမှတစ်ပါး လက်ရှိတာဝန်ထမ်းဆောင်နေသော ကော်မရှင်အဖွဲ့ဝင်သည် ကော်မရှင်အဖွဲ့ဝင်အသစ် ခန့်အပ်ပြီးသည့် အချိန်အထိ မိမိတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

**ရာထူးမှ နုတ်ထွက်ခြင်း၊ တာဝန်မှ ရပ်စဲခြင်း၊ လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်း**

၁၆။ ကော်မရှင် ဥက္ကဋ္ဌသည် တာဝန်ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်းကို နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

၁၇။ ကော်မရှင် ဥက္ကဋ္ဌမှအပ ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည် တာဝန်ထမ်းဆောင်နေစဉ်အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်းကို ကော်မရှင် ဥက္ကဋ္ဌမှ တစ်ဆင့် နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

၁၈။ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နှင့်ညှိနှိုင်းပြီး အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ပါက တာဝန်မှ ရပ်စဲနိုင်သည် -

(က) ဥပဒေအရ သတ်မှတ်သော ဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါး အနက် တစ်ပါးပါး ထာဝစဉ်ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိတော့ကြောင်း တွေ့ရှိရခြင်း၊

(ခ) တရားရုံးတစ်ခုခုက ပြစ်မှုကြောင်းအရ ထောင်ဒဏ်ချမှတ်ခံရခြင်း၊

(ဂ) တရားရုံးတစ်ခုခုက လူမွဲအဖြစ် ကြေညာခြင်းခံရခြင်း၊

(ဃ) ကော်မရှင်က ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း။

၁၉။ နိုင်ငံတော်သမ္မတသည် -

(က) ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ကော်မရှင်အဖွဲ့ဝင်နေရာလစ်လပ်လျှင် စိစစ်ရွေးချယ်ရေးအဖွဲ့က တင်ပြထားသော ကော်မရှင်အဖွဲ့ဝင်လောင်းအမည်စာရင်းမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်းရွေးချယ်၍ ဖြည့်စွက်ခန့်ထားရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကော်မရှင် အဖွဲ့ဝင်လောင်း အမည်စာရင်းမှ ရွေးချယ်ရန် သင့်လျော်သူ မရှိပါက ပုဒ်မ ၄၊ ပုဒ်မ ၅၊ ပုဒ်မ ၆၊ ပုဒ်မ ၇၊ ပုဒ်မ ၈ နှင့် ပုဒ်မ ၉ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီး ဖြည့်စွက်ခန့်ထားရမည်။

၂၀။ လစ်လပ်သောရာထူးသည် ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ ရာထူးနေရာဖြစ်ပါက နိုင်ငံတော်သမ္မတသည် အသစ်ဖြည့်စွက်ခန့်ထားခြင်း မပြုနိုင်မီ ကျန်အဖွဲ့ဝင်တစ်ဦးဦးအား ယင်းရာထူးနေရာတွင် ယာယီတာဝန်ပေးအပ်ရမည်။

၂၁။ ပုဒ်မ ၁၃ ပါ ရာထူးသက်တမ်းနှင့်စပ်လျဉ်း၍ မည်သို့ပင်ပါရှိစေကာမူ လစ်လပ်ရာထူးတွင် ပုဒ်မ ၁၉ အရဖြည့်စွက်ခန့်ထားခြင်းခံရသည့် ကော်မရှင်အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် ၎င်းအစားထိုးသည့် ကော်မရှင်အဖွဲ့ဝင်၏ ကျန်ရှိသည့် သက်တမ်းအတွက်သာ ဖြစ်သည်။

## အခန်း (၅)
## ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၂။ ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းဖြင့် လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ အများပြည်သူ၏ အသိပညာအဆင့်အတန်းမြှင့်တင်ခြင်းနှင့်ခွဲခြားမှုပုံသဏ္ဌာန်အားလုံးကို တိုက်ဖျက်သည့် ကြိုးပမ်းအားထုတ်မှုများကို မြှင့်တင်ခြင်း၊

(ခ) လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေများအား လိုက်နာမှု ရှိ၊ မရှိကို စောင့်ကြည့်လေ့လာရေး၊ မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ခြင်း-

(၁) နိုင်ငံတော်က ပါဝင်ချုပ်ဆိုသင့်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များကို အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(၂) တည်ဆဲဥပဒေနှင့် အဆိုပြုထားသည့် ဥပဒေကြမ်းများသည် နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များနှင့် ကိုက်ညီမှု ရှိ၊ မရှိကို လေ့လာသုံးသပ်ပြီး လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ကာကွယ်ရေးအတွက် ပြဋ္ဌာန်းသင့်သည့် ဥပဒေများနှင့် အခြားဆောင်ရွက်သင့်သည်များကို အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း၊

(၃) နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များပါ ပြဋ္ဌာန်းချက်များအရ တင်သွင်းရန် တာဝန်ရှိသည့် အစီရင်ခံစာများ ပြုစုရာတွင် လည်းကောင်း၊ အဆိုပါ အစီရင်ခံစာများတွင် ထည့်သွင်းဖော်ပြသင့်သည်များနှင့် စပ်လျဉ်း၍ လည်းကောင်း အစိုးရအဖွဲ့အား ပံ့ပိုးကူညီခြင်း။

(ဂ) လူ့အခွင့်အရေးဖောက်ဖျက်ကြောင်း တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်နှင့် စပ်လျဉ်း၍ စိစစ်ပြီး စုံစမ်းစစ်ဆေးခြင်း၊

(ဃ) တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်အရဖြစ်စေ၊ သတင်းအရဖြစ်စေ လူ့အခွင့်အရေး ဖောက်ဖျက်မှုဖြစ်ပွားကြောင်း သိရှိရသည့် နေရာသို့ သွားရောက်စစ်ဆေးခြင်း၊

(င) လူ့အခွင့်အရေး ဖောက်ဖျက်မှု ဖြစ်ပွားသည့်နေရာသို့ သွားရောက်စစ်ဆေးခြင်းနှင့် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းများနှင့်အစိုးရ သို့မဟုတ် ပုဂ္ဂလိက ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ ဌာနများသို့အကြောင်းကြား၍ သွားရောက်စစ်ဆေးခြင်း၊

(စ) သက်ဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်း၊ စီးပွားရေး အဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်း၊ တိုင်းရင်းသားအဖွဲ့အစည်း၊ လူနည်းစုများ၊ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းတို့နှင့်သင့်လျော်သလို တိုင်ပင်ဆွေးနွေးခြင်း၊

(ဆ) ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် အပါအဝင် အခြားအမျိုးသားအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် လူ့အခွင့်အရေးဆိုင်ရာ ယန္တရားများနှင့် သင့်လျော်သလို တိုင်ပင်ဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ပြည်ထောင်စုလွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် သို့မဟုတ် အစိုးရအဖွဲ့က ကော်မရှင်သို့ ရည်ညွှန်းပေးပို့သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြန်လည်ဖြေကြားခြင်း၊

(ဈ) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက သီးခြားရည်ညွှန်းသော ကိစ္စရပ်များကို ပြန်လည်ဖြေကြားခြင်း၊

(ည) ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အစီရင်ခံစာများပြုစုခြင်းနှင့် သင့်လျော်သလို ထုတ်ပြန်ခြင်း၊

(ဋ) ကော်မရှင်၏ တာဝန်တစ်ရပ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆက်စပ်မှုရှိသည့် သို့မဟုတ် အထောက်အကူဖြစ်စေမည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဌ) နိုင်ငံတော်၏ လူ့အခွင့်အရေးအခြေအနေနှင့် ကော်မရှင်၏ဆောင်ရွက်မှုများ၊ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ သင့်လျော်သည့် အကြံပြုထောက်ခံချက်များ ပါဝင်သော နှစ်ပတ်လည်အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း၊

(ဍ) လိုအပ်ပါက လူ့အခွင့်အရေးကိစ္စနှင့် စပ်လျဉ်းသည့် အထူးအစီရင်ခံစာများကို နိုင်ငံတော်သမ္မတထံ တင်ပြခြင်း။

၂၃။ ကော်မရှင်ဥက္ကဋ္ဌသည် အကြောင်းတစ်စုံတစ်ရာကြောင့် မိမိ၏လုပ်ငန်းတာဝန်ကို ဆောင်ရွက်နိုင်ခြင်းမရှိလျှင် ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌ၏ လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရမည်။

**စာမျက်နှာ ၁၆ သို့**

## ဥပဒေ

**စာမျက်နှာ ၁၅ မှ**

၂၄။ ကော်မရှင်သည် -

(က) မိမိ၏ လုပ်ပိုင်ခွင့်များကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ငွေကြေးစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

၂၅။ ကော်မရှင် အဖွဲ့ဝင်တစ်ဦးသည် မိမိ၏ဆောင်ရွက်ချက်တစ်ရပ်မှာ ကော်မရှင်၏ အကျိုးနှင့် ဆန့်ကျင်ကြောင်းသိရှိပါက ကော်မရှင်ဥက္ကဋ္ဌနှင့်ကော်မရှင်အဖွဲ့ဝင်များအား ချက်ချင်းအကြောင်းကြားပြီး ဆောလျင်စွာ ပြုပြင်ဆောင်ရွက်ရမည်။

၂၆။ ကော်မရှင်သည် မိမိလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ထိရောက်မှုရှိစေရေးအတွက် နိုင်ငံတော်သမ္မတထံ အသိပေး၍ လိုအပ်သည့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများကို ငှားရမ်းခွင့်ရှိသည်။

၂၇။ ကော်မရှင်သည် ပုံမှန်အစည်းအဝေးများနှင့် အထူးအစည်းအဝေးများ ကျင်းပခြင်း၊ အစည်းအဝေး အထမြောက်ခြင်း၊ သဘာပတိအဖြစ် ဆောင်ရွက်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့နှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

### အခန်း (၆)
### စုံစမ်းစစ်ဆေးခြင်း

**လူ့အခွင့်အရေး ဖောက်ဖျက်မှုများ စုံစမ်းစစ်ဆေးခြင်း၊ တိုင်တန်းချက်များ လက်ခံဆောင်ရွက်ခြင်း**

၂၈။ လူ့အခွင့်အရေးဖောက်ဖျက်မှုများ ကျယ်ပြန့်စွာဖြစ်ပွားနေသည်ကို လည်းကောင်း၊ ဖောက်ဖျက်မှုသည် စနစ်တစ်ရပ်အဖြစ် ဦးတည်နေသည်ကိုလည်းကောင်း သိရှိပါက ကော်မရှင်သည် ဦးဆောင်ဦးရွက်ပြု၍ စုံစမ်းစစ်ဆေးခြင်းကို ဆောင်ရွက်နိုင်သည်။

၂၉။ ကော်မရှင်သည် စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်ရာတွင် သဘာဝတရား မျှတမှုသဘောတရားနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ ထို့ပြင်တရားမကျင့်ထုံး၊ ရာဇဝတ်ကျင့်ထုံးနှင့် သက်သေခံ အက်ဥပဒေတို့ပါ သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ဆီလျော်သလို ကျင့်သုံးဆောင်ရွက်နိုင်သည်။

၃၀။ လူ့အခွင့်အရေးဖောက်ဖျက်မှုရှိသည်ဟု စွပ်စွဲချက်နှင့်စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးသည် မိမိကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးတစ်ယောက်အတွက်သော်လည်းကောင်း၊ တူညီသောလူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း၊ တိုင်တန်းလိုသည့် အကြောင်းရင်းဖော်ပြပြီး ကော်မရှင်သို့ တိုင်ကြားနိုင်သည်။

၃၁။ တိုင်တန်းသူသည် အောက်ပါတို့ကို ဆောင်ရွက်ရာတွင် ကော်မရှင်သို့ စာဖြင့်တင်ပြရမည် -

(က) တိုင်တန်းချက်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(ခ) တိုင်တန်းချက်ကို ပြင်ဆင်ရန် ကော်မရှင်၏ ခွင့်ပြုချက်ရယူခြင်း။

၃၂။ ကော်မရှင်သည် အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ဆောင်ရွက်ခြင်းမပြုရန် ဆုံးဖြတ်သည့် ကိစ္စရပ်မှတစ်ပါး တိုင်တန်းချက်တစ်ရပ်ကို စုံစမ်းစစ်ဆေးရမည် -

(က) တိုင်တန်းချက်သည် သဘောရိုးဖြင့် တိုင်ကြားချက် မဟုတ်ခြင်း၊

(ခ) တိုင်တန်းချက်သည် ကော်မရှင်၏ လုပ်ပိုင်ခွင့်အတွင်း မကျရောက်ခြင်း၊

(ဂ) တိုင်တန်းသူအတွက် ပို၍သင့်လျော်သော ကုစားမှု သို့မဟုတ် ကြောင်းကျိုးညီညွတ်စွာ တိုင်တန်းနိုင်သည့် နည်းလမ်းများရှိခြင်း။

၃၃။ တိုင်တန်းချက်ပါ ကိစ္စရပ်တစ်ခုခုကို ကော်မရှင်က စုံစမ်းစစ်ဆေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်း သို့မဟုတ် ရပ်ဆိုင်းရန် ဆုံးဖြတ်ခြင်းသည် ကော်မရှင်၏ ဦးဆောင်ဦးရွက်ပြုမှုဖြင့် ယေဘုယျ စုံစမ်းစစ်ဆေးပိုင်ခွင့်ကို ထိခိုက်မှု မရှိစေရ။

၃၄။ ကော်မရှင်သည် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်ရာတွင် တိုင်တန်းချက်ပါ အကြောင်းခြင်းရာသည် ညှိနှိုင်း၍ ရနိုင်သော အလားအလာရှိသည်ဟု ယူဆပါက ညှိနှိုင်းဖြေရှင်းသော နည်းလမ်းကိုအသုံးပြုပြီး ဖြေရှင်းဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့်အညီ ဖြစ်စေရမည်။

၃၅။ ကော်မရှင်သည် မိမိစုံစမ်းစစ်ဆေးလျက်ရှိသော ကိစ္စနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်ပေးနိုင်မည်ဟု ထင်မြင်ယူဆရသည့် မည်သည့် ပုဂ္ဂိုလ်ကိုမဆို သတ်မှတ်ချိန်းဆိုထားသည့်နေရာနှင့် အချိန်တွင် လာရောက်သက်သေခံရန် စာဖြင့် ဆင့်ဆိုခြင်း၊ ကတိသစ္စာပြုစေခြင်း၊ စစ်ဆေးမေးမြန်းခြင်းနှင့် ထွက်ဆိုချက်တွင် လက်မှတ်ရေးထိုးစေခြင်းများ ပြုနိုင်သည်။

၃၆။ ကော်မရှင်သည် အောက်ပါတို့မှအပ မိမိစုံစမ်းစစ်ဆေးသော ကိစ္စတစ်ရပ်နှင့် ပတ်သက်သည်ဟု ယူဆသည့် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် မည်သည့်ရုံးကိုမဆို ယင်းတို့ပိုင်ဆိုင်သည့် သို့မဟုတ် လက်ဝယ်ထားရှိသည့် စာရွက်စာတမ်းနှင့် အထောက်အထားများ တင်ပြရန် စာဖြင့် ရေးသားဆင့်ဆိုနိုင်သည် -

(က) နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေးကို ထိခိုက်စေနိုင်သည့် စာရွက်စာတမ်း သို့မဟုတ် အထောက်အထားများ၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက လုံခြုံမှုအဆင့်အတန်း သတ်မှတ်ထားသော စာရွက်စာတမ်းများ။

၃၇။ ကော်မရှင်သည် အောက်ပါအကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းသော တိုင်တန်းချက်ကို စုံစမ်းစစ်ဆေးခြင်း မပြုလုပ်ရ -

(က) တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများနှင့်တရားရုံးတစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများ၊

(ခ) တရားရုံးတစ်ခုခုက အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသော အမှုများ။

၃၈။ ကော်မရှင်သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဖြစ်စေ၊ ယင်းတို့နှင့်ဆက်နွယ်သည့် အဖွဲ့အစည်းများနှင့်ဖြစ်စေ သက်ဆိုင်သော တိုင်တန်းချက်အပေါ် ၎င်းတို့ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏စုံစမ်းတွေ့ရှိချက်ကို အကြံပြုတိုက်တွန်းချက်နှင့်အတူ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ ပေးပို့ရမည်။ ယင်းဌာန၊ အဖွဲ့အစည်းသည် ကော်မရှင်၏ အကြံပြုတိုက်တွန်းချက်များနှင့်စပ်လျဉ်းသည့် အရေးယူဆောင်ရွက်ထားရှိမှုအခြေအနေကို ရက်ပေါင်းသုံးဆယ်အတွင်း ကော်မရှင်သို့ ပြန်ကြားရမည်။ ထိုသို့ ပြန်ကြားရာတွင် တိုင်တန်းသူများ လက်တုံ့ပြန်မှုမခံရစေရေးအတွက် သေချာစေမည့် ဆောင်ရွက်ချက်ကိုလည်း ဖော်ပြရမည်။

၃၉။ စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြီးဆုံးသည့်အခါ ကော်မရှင်သည် လိုအပ်ပါက မိမိ၏ စုံစမ်းတွေ့ရှိချက်များနှင့်အကြံပြုချက်များကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြပြီး အများပြည်သူ သိရှိနိုင်ရန်လည်း ထုတ်ပြန်နိုင်သည်။

၄၀။ ကော်မရှင်သည် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် ပုဂ္ဂိုလ်များ၏လူ့အခွင့်အရေးကို ဖောက်ဖျက်မှုရှိကြောင်း အထောက်အထား ခိုင်လုံစွာတွေ့ရှိပါက ပုဒ်မ ၃၈ နှင့် ၃၉ တို့အရ တင်ပြသည့် အစီရင်ခံစာတွင် အောက်ပါတို့အတွက် အကြံပြုတိုက်တွန်းချက်များကို ဖော်ပြရမည် -

(က) လူ့အခွင့်အရေးဖောက်ဖျက်မှုရှိကြောင်း အတည်ပြုချက်နှင့် ယင်းလူ့အခွင့်အရေးဖောက်ဖျက်မှုများ ဆက်လက်မဖြစ်ပေါ်စေရေးနှင့် အလားတူဖောက်ဖျက်မှုများ ထပ်မံမဖြစ်ပွားစေရေး၊

(ခ) လူ့အခွင့်အရေးဖောက်ဖျက်မှုကို ကုစားရန် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက သင့်လျော်သလို ဆောင်ရွက်ပေးရေး၊

(ဂ) လူ့အခွင့်အရေးဖောက်ဖျက်မှုကြောင့် ထိခိုက်ဆုံးရှုံးနစ်နာမှုအတွက် လူ့အခွင့်အရေး ဖောက်ဖျက်ခြင်းခံရသူ ရသင့်ရထိုက်သည့် နစ်နာကြေးရရှိနိုင်ရေး၊

(ဃ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ လုပ်ငန်း၊ ပုဂ္ဂိုလ် သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်းက အရေးယူဆောင်ရွက်ရေးနှင့် ယင်းအကြံပြုတိုက်တွန်းချက်များအပေါ် ၎င်းတို့၏အရေးယူဆောင်ရွက်ချက်များကို ကော်မရှင်သို့ သင့်လျော်သော အချိန်ကာလအတွင်း ပြန်ကြားရေး။

**အကာအကွယ်ပေးခြင်း**

၄၁။ ဤဥပဒေအရ ပေးအပ်ထားသော ကော်မရှင်၏ တာဝန်များကို ထမ်းဆောင်စဉ် ကော်မရှင်အဖွဲ့ဝင်၊ ကော်မရှင်ရုံးဝန်ထမ်း သို့မဟုတ် ကော်မရှင်ကိုယ်စား ဆောင်ရွက်သည့် ပုဂ္ဂိုလ်အား ခြိမ်းခြောက်ခြင်း၊ တားဆီးခြင်း၊ ပိတ်ပင်ခြင်း၊ စော်ကားခြင်း သို့မဟုတ် စွက်ဖက်ခြင်းပြုသူသည် တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်။

၄၂။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် အခြားတစ်စုံတစ်ယောက်အား ထိုပုဂ္ဂိုလ်ကဖြစ်စေ ထိုပုဂ္ဂိုလ်နှင့်ကျွမ်းဝင်သူကဖြစ်စေ အောက်ပါကိစ္စတစ်ရပ်ရပ် လုပ်ဆောင်မှုကြောင့် မတရားဖိနှိပ်ခြင်း၊ ခြောက်လှန့်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် စွက်ဖက်ခြင်းတို့ ပြုခွင့်မရှိစေရ -

(က) ဤဥပဒေအရ ပေးအပ်ထားသော အခွင့်အရေးများ အသုံးချရန် ရည်ရွယ်ခြင်း၊

(ခ) ဤဥပဒေအရ ပေးအပ်ထားသော အခွင့်အရေးများကို အသုံးချခြင်း သို့မဟုတ် အခြားသူများ၏ အဆိုပါ အခွင့်အရေးများကို မြှင့်တင်ပေးခြင်း၊

(ဂ) ဤဥပဒေအရ လုပ်ဆောင်သော တိုင်တန်းချက်၊ စုံစမ်းစစ်ဆေးချက် သို့မဟုတ် ဆောင်ရွက်ချက် တစ်စုံတစ်ရာနှင့်စပ်ဆိုင်သော သတင်းအချက်အလက် သို့မဟုတ် အထောက်အထားများပေးခြင်း၊

(ဃ) ဤဥပဒေအား ဆန့်ကျင်ရာရောက်သော မည်သည့်ကိစ္စကိုမဆို ဆောင်ရွက်ရန် ငြင်းပယ်ခြင်း၊

(င) ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေကို ရည်ညွှန်း၍ဖြစ်စေ တစ်စုံတစ်ရာကို တစ်နည်းနည်းဖြင့် လုပ်ဆောင်ခြင်း။

**အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့ ကြည့်ရှုစစ်ဆေးခြင်း**

၄၃။ ကော်မရှင်သည် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများတွင် အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံနေရသူများ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများကို လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့်ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ၊ မရှိ စိစစ်နိုင်ရန် အဆိုပါ နေရာများသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်ရှိသည်။ ယင်းသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာတွင် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၄၄။ ပုဒ်မ ၄၃ အရ ဆောင်ရွက်ရာတွင် ကော်မရှင်သည် အောက်ပါလုပ်ပိုင်ခွင့်များရှိသည် -

(က) ကြည့်ရှုစစ်ဆေးလိုသော ကာလကို သက်ဆိုင်ရာတာဝန်ရှိသူများထံ အကြောင်းကြားပြီး အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ ဌာနများသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်၊

(ခ) အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ ဌာနများအတွင်းရှိ နေရာများနှင့်အကျဉ်းသား၊ အချုပ်သား၊ ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများ၏ အသုံးအဆောင်များကို စစ်ဆေးခွင့်၊

(ဂ) အကျဉ်းသား၊ အချုပ်သားနှင့် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများအား လွတ်လပ်စွာ သီးခြားတွေ့ဆုံမေးမြန်းခွင့်၊

(ဃ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့က အရေးယူဆောင်ရွက်သင့်သည်များကို အကြံပြုတိုက်တွန်းခွင့်နှင့် အဆိုပါ အကြံပြုတိုက်တွန်းချက်များအပေါ် အရေးယူဆောင်ရွက်ချက်များကို ကော်မရှင်သို့ ပြန်ကြားရန် တိုက်တွန်းခွင့်။

၄၅။ ကော်မရှင်သည် မိမိ၏တွေ့ရှိချက်နှင့်အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ အကြောင်းကြားခြင်းနှင့်အများပြည်သူအား သင့်လျော်သလို အသိပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

### အခန်း (၇)
### ငွေကြေးစီမံခန့်ခွဲရေး

၄၆။ နိုင်ငံတော်သည် ဤဥပဒေအရ အပ်နှင်းထားသော လုပ်ငန်းတာဝန်များကို ကော်မရှင်က ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အလို့ငှာ လိုအပ်သောငွေကြေးကို ထောက်ပံ့ရမည်။

၄၇။ ကော်မရှင်သည် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းထံမှမဆို လူ့အခွင့်အရေးမြှင့်တင်ရေး၊ ကာကွယ်ရေးနှင့်စပ်လျဉ်း၍ ကော်မရှင်၏ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ကို မထိခိုက်စေသည့် အနှောင်အဖွဲ့မရှိသော အထောက်အပံ့ကို လက်ခံနိုင်သည်။

၄၈။ ကော်မရှင်သည် မိမိ၏ ရငွေ၊ သုံးငွေ၊ ပစ္စည်းပိုင်ဆိုင်မှုနှင့်ပေးရန် တာဝန်ရှိမှုတို့နှင့် စပ်လျဉ်း၍ ငွေစာရင်းထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ထိန်းသိမ်းထားရှိရမည်။

၄၉။ ကော်မရှင်သည် မိမိ၏ငွေစာရင်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးခြင်းကို ခံယူရမည်။

၅၀။ ကော်မရှင်၏ ရန်ပုံငွေများနှင့် ငွေကြေးလွှဲပြောင်းမှုများအပေါ်တွင် အခွန်စည်းကြပ်မှုများမှ ကင်းလွတ်ခွင့်ရယူလိုပါက သက်ဆိုင်ရာတည်ဆဲအခွန်ဥပဒေများနှင့်အညီ လျှောက်ထားရမည်။

### အခန်း(၈)
### ဝန်ထမ်းအဖွဲ့အစည်း

၅၁။ ကော်မရှင်သည် -

(က) ကော်မရှင်၏ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန်အလို့ငှာ ဝန်ထမ်းဖွဲ့စည်းပုံ တစ်ရပ်ရေးဆွဲထားရှိရမည်။ ယင်းဖွဲ့စည်းပုံအတွင်း လိုအပ်သောအရာထမ်းများနှင့် အမှုထမ်းများကို ခန့်ထားရမည်။

(ခ) ကော်မရှင်၏ ဝန်ထမ်းရေးရာကိစ္စများနှင့်စပ်လျဉ်းသည့် စည်းမျဉ်းစည်းကမ်းများ၊ ခံစားခွင့်များကို သတ်မှတ်ရမည်။

၅၂။ ကော်မရှင်သည် မိမိ၏လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် အလို့ငှာ ကော်မရှင်ရုံးအကြီးအမှူးအပါအဝင် လိုအပ်သော အရာထမ်း၊ အမှုထမ်းများကို ခန့်အပ်နိုင်သည်။

၅၃။ (က) ကော်မရှင်ရုံး အကြီးအမှူးသည် ကော်မရှင်၏ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ရမည့်အပြင် ကော်မရှင်က သတ်မှတ်ပေးထားသော အခြားလုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်ရမည်။

(ခ) ရုံးဝန်ထမ်း အဖွဲ့အစည်းသည် ကော်မရှင်ကို တာဝန်ခံရမည်။

၅၄။ ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်းများအတွက် သတ်မှတ်ထားသော ဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ကော်မရှင်ရုံးဝန်ထမ်းများ၏ ရာထူးအဆင့်အတန်းကို သတ်မှတ်ပေးရမည်။

၅၅။ ကော်မရှင်ဥက္ကဋ္ဌသည် ကော်မရှင်၏လုပ်ငန်းတာဝန်များအနက် သီးခြားသတ်မှတ်ပေးသော လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ကော်မရှင်ရုံးအရာထမ်းတစ်ဦးဦးအား လက်မှတ်ရေးထိုး၍ လွှဲအပ်နိုင်သည်။ ယင်းသို့ လွှဲအပ်ရာတွင် လွှဲအပ်ခြင်းခံရသူသည် လွှဲအပ်သည့်စာတွင် ဖော်ပြထားသော လုပ်ငန်းတာဝန်ကိုသာ ဆောင်ရွက်ရမည်။

၅၆။ ကော်မရှင်ဥက္ကဋ္ဌသည် သက်ဆိုင်ရာအရာထမ်းအား ထိုသို့လွှဲအပ်ထားသော လုပ်ငန်းတာဝန်ကို မည်သည့်အချိန်တွင်မဆို စာဖြင့် ရုပ်သိမ်းနိုင်သည်။

### အခန်း(၉)
### အထွေထွေ

၅၇။ ကော်မရှင်သည် ကော်မရှင်ရုံးချုပ်ကို ဖွင့်လှစ်ထားရှိပြီး လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရန်အတွက် ကော်မရှင်ရုံးခွဲများကို လိုအပ်သလို ဖွင့်လှစ်နိုင်သည်။

၅၈။ ကော်မရှင်သည် အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။

၅၉။ ကော်မရှင်သည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ရန်အတွက် လိုအပ်သောအဖွဲ့ခွဲများ၊ လုပ်ငန်းအဖွဲ့များကို ဒေသအလိုက်ဖြစ်စေ၊ ဘာသာရပ်အလိုက်ဖြစ်စေ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးနိုင်သည်။

၆၀။ ကော်မရှင်သည် ကိုယ်ပိုင်အမည်၊ တံဆိပ်နှင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်ရှိပြီး တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်တို့ ရှိစေရမည်။

၆၁။ ကော်မရှင်အဖွဲ့ဝင်နှင့်ကော်မရှင်က တာဝန်ပေးအပ်ခြင်းခံရသူသည် ဤဥပဒေအရ လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၆၂။ ဤဥပဒေအရ ပေးအပ်ထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သဘောရိုးဖြင့် ဆောင်ရွက်ခြင်း၊ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းနှင့်သဘောထားမှတ်ချက်ပေးခြင်း သို့မဟုတ် ထင်မြင်ချက်ပေးခြင်းတို့အတွက် ကော်မရှင်ကိုဖြစ်စေ၊ ကော်မရှင်အဖွဲ့ဝင်ကိုဖြစ်စေ၊ ကော်မရှင်က တာဝန်ပေးအပ်ခြင်းခံရသူကိုဖြစ်စေ ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရ သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၆၃။ ကော်မရှင် သို့မဟုတ် ကော်မရှင်ရုံးသို့ ဆက်သွယ်ပေးပို့တင်ပြသည့် သို့မဟုတ် ယင်းက စုဆောင်းရယူထားသည့် စာရွက်စာတမ်းများ၊ ပစ္စည်းများနှင့် သတင်းအချက်အလက်များသည် စိစစ်ဖြတ်တောက်ခြင်း သို့မဟုတ် စွက်ဖက်နှောင့်ယှက်ခြင်းတို့မှ ကင်းလွတ်စေရမည်။

၆၄။ ကော်မရှင်၏ ပရဝဏ်၊ မော်ကွန်းတိုက်၊ စာတွဲများ၊ စာရွက်စာတမ်းများ၊ ဆက်သွယ်ဆောင်ရွက်ချက်များ၊ ပစ္စည်းကိရိယာများ၊ ရန်ပုံငွေနှင့် ပစ္စည်းပိုင်ဆိုင်မှုများသည် မည်သည့်နေရာ၊ မည်သူ့လက်ဝယ်တွင်ရှိသည်ဖြစ်စေ ထိပါးခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ဖမ်းဆီးခြင်း၊ ရယူခြင်း သို့မဟုတ် အခြားနည်းဖြင့် နှောင့်ယှက်ခြင်းတို့မှ ကင်းလွတ်ခွင့်ရှိစေရမည်။

၆၅။ ကော်မရှင်သည် မိမိဆောင်ရွက်လျက်ရှိသော စုံစမ်းစစ်ဆေးမှုများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဖော်ထုတ်ပြောကြားသင့်သည်ဟု ယူဆသည့် အချက်အလက်များကို ဖော်ထုတ်ပြောကြားနိုင်ခွင့်ရှိသည်။

၆၆။ ကော်မရှင်သည် မိမိရှေ့မှောက်၌ လာရောက်အစစ်ဆေးခံသူ၏ အမည်နှင့် သတင်းအချက်အလက်များ၊ ကော်မရှင်သို့ ထွက်ဆိုသည့် သက်သေထွက်ဆိုချက်များ၊ တင်ပြသည့် သက်သေခံစာရွက်စာတမ်းများ၊ ပစ္စည်းများနှင့် စပ်လျဉ်း၍ တစ်ဦးတစ်ယောက်က ကော်မရှင်၏ ခွင့်ပြုချက်မရှိဘဲ ထုတ်ပြန်ခြင်း၊ ထုတ်ဖော်ပြောဆိုခြင်းမပြုရန် ဆောင်ရွက်ရမည်။ ကော်မရှင်သည် သက်သေများကို အကာအကွယ်ပေးသည့် အစီအမံများကိုလည်း ဆောင်ရွက်နိုင်သည်။

၆၇။ ကော်မရှင်သည် မိမိရရှိထားသည့် သတင်းအချက်အလက်များကို မိမိ၏ရည်မှန်းချက်များ အကောင်အထည်ဖော်ရန်ကိစ္စမှတစ်ပါး အခြားနည်းဖြင့် အသုံးပြုခြင်းမှ ရှောင်ကြဉ်ရမည်။

၆၈။ ကော်မရှင်က စုံစမ်းစစ်ဆေးရာ၌ ထွက်ဆိုချက်များ၊ သက်သေခံချက်များ၊ ဖြေဆိုချက်များ ပေးသူသည် မမှန်သက်သေခံမှုဖြင့် တရားစွဲဆိုခံရခြင်းမှတစ်ပါး ယင်းထွက်ဆိုချက်များ၊ သက်သေခံချက်များ၊ ဖြေဆိုချက်များအရ မည်သည့် တရားရုံးတွင်မျှ တရားစွဲဆိုခြင်း မခံထိုက်စေရ။ ကော်မရှင်ရှေ့မှောက်၌ ထွက်ဆိုသော သက်သေ၏ ထွက်ဆိုချက်၊ သက်သေခံချက်နှင့်ဖြေဆိုချက်များကို အခြားပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား တရားစွဲဆိုရာတွင် အသုံးမပြုရ။

၆၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၄/၂၀၁၁ ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ဤဥပဒေအရ ကော်မရှင် ဖွဲ့စည်းပြီးသည်အထိ မိမိ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၇၀။ ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကော်မရှင်သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

ဥပဒေနှင့်ကြော်ငြာ

# အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၂။ )**
**၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်**
**(၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များပါဝင်သော မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်-

(က) ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ
(ခ) ဒုတိယဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ
(ဂ) ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ကာကွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(ဃ) ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(င) ညွှန်ကြားရေးမှူးချုပ် ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(စ) ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(ဆ) ညွှန်ကြားရေးမှူးချုပ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(ဇ) ညွှန်ကြားရေးမှူးချုပ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန စက်မှုဝန်ကြီးဌာန — အဖွဲ့ဝင်
(ဈ) ညွှန်ကြားရေးမှူးချုပ် စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်
(ည) ကိုယ်စားလှယ်တစ်ဦး နေပြည်တော် စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်
(ဋ) ကိုယ်စားလှယ်တစ်ဦး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်
(ဌ) ကိုယ်စားလှယ်တစ်ဦး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်
(ဍ) ညွှန်ကြားရေးမှူးချုပ် ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(ဎ) ညွှန်ကြားရေးမှူးချုပ် ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(ဏ) ညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(တ) ညွှန်ကြားရေးမှူးချုပ် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန" — အတွင်းရေးမှူး

၃။ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)တို့တွင် ပါရှိသော "ငွေဒဏ်အနည်းဆုံးကျပ် ၅၀၀၀ မှ အများဆုံးကျပ် ၅၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ငွေဒဏ်အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းအထိ"ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၄။ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ)တွင်ပါရှိသော "ငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ အထိ"ဆိုသည့် စကားရပ်ကို "ငွေဒဏ်အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံးကျပ်တစ်သိန်းအထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၂၀ တွင်ပါရှိသော "ငွေဒဏ်အနည်းဆုံး ကျပ် ၅၀၀ မှ အများဆုံးကျပ် ၅၀၀၀ အထိ"ဆိုသည့် စကားရပ်ကို "ငွေဒဏ်အနည်းဆုံး ကျပ်ငါးထောင်မှ အများဆုံးကျပ်ငါးသောင်းအထိ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၃၂ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့တို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ရဲတပ်ဖွဲ့စခန်းနှင့် အကျဉ်းထောင်များစစ်ဆေး

**ရမည်းသင်း ဧပြီ ၄**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်လေးလေးမွန်သည် ရမည်းသင်းခရိုင်တရားသူကြီး၊ ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်တရားသူကြီးများနှင့်အတူ မတ် ၃၁ ရက်က ပျော်ဘွယ်မြို့၊ ရမည်းသင်းမြို့ရဲတပ်ဖွဲ့အချုပ်စခန်းနှင့် ရမည်းသင်းအကျဉ်းထောင်တို့အား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။ **(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးသည် အကျဉ်းထောင်အတွင်းရှိ အကျဉ်းသား၊ အကျဉ်းသူများနှင့် အချုပ်သားအမျိုးသားအမျိုးသမီးများ၏ စားဝတ်နေရေးအဆင်ပြေမှုရှိ မရှိ၊ ကျန်းမာရေးဆေးဝါးကုသခွင့်ရ မရ၊ အချုပ်သားများရုံးထုတ်ရာတွင် အဆင်ပြေချောမွေ့မှုရှိ မရှိ၊ အကျဉ်းသား၊ အကျဉ်းသူများနှင့် အချုပ်သားများ၏ လတ်တလောတွေ့ကြုံနေရသည့် အခက်အခဲရှိ မရှိတို့နှင့်ပတ်သက်၍လည်းကောင်း အချုပ်သားမှုခင်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတရားရုံးများတွင် အမှုစစ်ဆေးရာ၌ တွေ့ကြုံရသည့်အခက်အခဲများကို မေးမြန်း၍ အကျဉ်းသား၊ အကျဉ်းသူနှင့် အချုပ်သားများ၏ အိပ်ဆောင်များ၊ စားဖိုဆောင်များ၌ ကျွေးမွေးနေသည်များကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို အကြံပြုခဲ့ကြောင်း သိရသည်။



**လှိုင်သန်းတင့် (ရမည်းသင်း)**

## မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြ ပညာပေး

**နေပြည်တော် ဧပြီ ၄**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်တွင် မီးဘေးအန္တရာယ်နှင့်ပတ်သက်သော အသိပညာပေးဟောပြောခြင်း၊ မီးဘေးလုံခြုံရေးစီမံချက်အရ မီးသတ်ဆေးဘူးများ စစ်ဆေးခြင်းနှင့် အကြံပြုညှိနှိုင်းဆောင်ရွက်ခြင်းလုပ်ငန်းကို ဧပြီ ၂ ရက် နံနက် ၁၁ နာရီတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၌ ကျင်းပရာ နေပြည်တော်ဗဟိုမီးသတ်ဦးစီးဌာန မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်ဦးဆောင်သည့်အဖွဲ့မှ ရုံးပတ်ဝန်းကျင်တွင် မီးတားလမ်းများ၊ မီးသတ်ဆေးဘူးများ၊ လျှပ်စစ်မီးသွယ်တန်းတားရှိမှုများ၊ မီးသုံးစွဲမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး ဝန်ထမ်းများ သရုပ်ပြလေ့ကျင့်မှုအခြေအနေနှင့် သရုပ်ပြငြိမ်းသတ်ခြင်းတို့ကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့၊ တောင်ရွာရပ်၊ အကွက်အမှတ်(၂၂)၊ မြေကွက်နံပါတ် ၁၀၂၊ မြေချိန်ဧရိယာ ၀ဒသမ ၀၄၅ဧကရှိ နှစ် ၃၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးအုံးဖေ MGK -၀၄၆၁၀၈ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့်အဆောက်အအုံအကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်ပြီး အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ယခုကြော်ငြာပါသည့်ရက်မှစပြီး ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်ဝင်းထွန်း LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၃)**
**အမှတ်(၂၈)၊ မြေညီထပ်၊ မင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၂၃၀၅၅၇၄၊ ၀၉-၅၀၃၄၆၅၂၊ ၀၉-၄၅၀၀၃၉၂၁၀**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပြည်ထောင်စုလမ်း၊ အမှတ် ၄၂နေ ဒေါ်သန်းသန်းနု ၁၂/ဗဟန(နိုင်)၀၈၃၆၉၄သည် ဖခင်ကြီး ဦးနုကမေတ္တာဖြင့် အပိုင်ပေးအပ်ခဲ့သော အပိုင်ပေးစာချုပ်(ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၊ စာချုပ်အမှတ် -၁၀၂၄/၁၉၉၅နှင့် စာချုပ်အမှတ် ၁၀၂၆/၁၉၉၅တို့နှင့်စပ်လျဉ်း၍ တရားဝင်ခွဲစိတ်၍ ဖြစ်ပေါ်လာသော မြေကွက်အမှတ်တို့ကို ပြင်ဆင်နိုင်ရေးအတွက် အမှားပြင်ဆင်ဖြည့်စွက်ခြင်းစာချုပ် (စာချုပ်အမှတ် ၂၂၀/၁၉၉၇)ကို မိမိကိုယ်စား လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ရန် ဒေါ်အေးသက်တင် (၄၅/အာရ်ဂျီအင်န်-၀၅၅၈၂၂)အား ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၊ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၅၆၀/၁၉၉၃အရ ယုံကြည်လွှဲအပ်ထားခဲ့ပါသည်။

ယခုအခါ ဒေါ်အေးသက်တင်သည် ဒေါ်သန်းသန်းနုက မိမိကို ယုံကြည်လွှဲအပ်ထားခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာ အတည်ဖြစ်လျက်ရှိနေစဉ်တွင်ပင် ဒေါ်သန်းသန်းနု၏ အကျိုးစီးပွားကို ဆန့်ကျင်ဆောင်ရွက်နေကြောင်း ထင်ရှားပေါ်ပေါက်လာသဖြင့် ယင်းအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၅၆၀/၁၉၉၃ကို ဒေါ်သန်းသန်းနုက အပြီးအပိုင်ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း ဒေါ်အေးသက်တင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းနု၏ ညွှန်ကြားချက်အရ-**

**ဒေါ်တင်ဇာကျော် LL.B,D.B.L, D.M.L**
**ဒေါ်မြနှင်းယု LL.B.,D.B.L,D.M.L**
**ဒေါ်ခင်ဇာနီဝင်း LL.B**
**(အထက်တန်းရှေ့နေများ)**

**ဦးအေးနိုင် LL.B.,D.B.L.,D.M.L., Advocate**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၇၃၀၃၂၃၄၃**

**အမှတ် -၁၅၁ (ဒုတိယထပ်)၊ ၃၈လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၈၇၁/ခ၊ မြေကွက်တည်နေရာအမှတ် ၈၇၁/ခ၊ မေခလာလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ ဦးတင်မောင်ဝင်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်မောင်ဝင်းထံမှ ကိုယ်စားလှယ်လွှဲစာ ၃၂၈၇(၃-၂-၁၄)ဖြင့် SPဦးနိုင်ဦးမှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၅၂၄၉(၁၈-၂-၁၄)နှင့် ၂၀၀၃ ခုနှစ်တွင် ကူးယူခဲ့သော အရောင်းအဝယ်စာချုပ်ရန် မြေပုံပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ ၈၁၈၉(၁၃-၃-၁၄)ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/၆၊ မြေကွက်အမှတ် ၁၆၅၃၊ မြေကွက်တည်နေရာအမှတ် ၁၆၅၃၊ သီတာလမ်း၊ (၅)ရပ်ကွက်၊ ဦးသန်းရွှေ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသန်းရွှေ ၁၂/ကမရ(နိုင်)၀၄၂၃၇၃ ကိုယ်တိုင်က ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ခံဝန်ကတိ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့ တင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/A၊ မြေကွက်အမှတ် ၅၊ ဧရိယာ ၀ဒသမ ၂၉၆ဧက၊ မြေကွက်တည်နေရာအမှတ် ၅၃/က၊ မင်းကြီးလမ်း၊ တောင်သုကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် ဦးပီတာမလာထူး အမည်ပေါက် မြေပိုင်မြေ(အိမ်ရာမြေသတ်မှတ်) မြေ၏ တစ်စိတ်တစ်ဒေသ ( ၂၈'/၃၆' × ၇၈'/၈၆' )အား အရောင်းအဝယ်စာချုပ်အမှတ် ၄၂၂/၈၆(၇-၆-၈၆)၊ အပိုင်ပေးစာချုပ်အမှတ် ၁၆၉/၂၀၀၆ (၉-၁-၂၀၀၆)ဖြင့် ပိုင်ဆိုင်လာသူ နော်နန်းတင်မှ မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇B၊ မြေကွက်အမှတ် ၃၅ ဂျေ၊ မြေကွက်တည်နေရာအမှတ် ၂၂၊ ခေမာလမ်း၊ စမ်းချောင်းမြို့နယ်၊Mr. Kwai Ba Gy အမည်ပေါက် ဂရန်ရှိမြေပိုင်မြေအား ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ် ၂၈/၂၀၁၃အရ တရားလို ဦးဇော်ရဲနိုင်က တရားပြိုင် ဒေါ်မြင့်မြင့်စန်း+၄ အပေါ် စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ခေမာလမ်း၊ အမှတ် ၂၂/A၏ အရှေ့ဘက်ခြမ်း (၁၁၀ပေ×၃၃ပေ)ရှိမြေကွက်နှင့် တစ်ထပ်တိုက်ကို ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု အနိုင်ဒီကရီတင်ပြ၍ တရားရုံး ဘီလစ် ဒေါ်စောယုမွန် ၁၂/သကတ(နိုင်)၁၄၅၃၁၇မှ အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ကြည်စု၊ မြေကွက်အမှတ် ၃၈၊ မြေကွက်တည်နေရာအမှတ် ၃၈၊ ကျောင်း ၂ လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်(ဦးတင်ငွေ) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်ငွေ(ဖခင်) နှင့် (မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်သန်းသန်းအေး ၁၂/ဒပန(နိုင်)၀၀၅၄၇၆ထံမှ GP(၂၀၁၆၉/၁၈-၁၀-၁၃)ဖြင့်ရရှိသူ ဦးမြင့်ဦး ၁၂/ပဇတ(နိုင်)၀၀၂၇၂၄က ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆F၆၊ မြေကွက်အမှတ် V၈အေ၊ မြေကွက်တည်နေရာအမှတ် ၁၀၄၊ သရက်တော (၂)လမ်း၊ ကြည့်မြင်တိုင်မြို့နယ် ဦးမြဟံအမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက်ထံမှ ပိုင်ဆိုင်စာချုပ် ၄၁၉(၃၁-၁-၂၀၁၄)ဖြင့် ပိုင်ဆိုင်သူ ဒေါ်ခင်ခင် ၁၂/ကမတ(နိုင်)၀၃၅၁၄၉က ဂရန်ပျောက်ဆုံးကြောင်း၊ ရပ်ကွက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတို့တင်ပြပြီး ဂရန်မိတ္တူနှင့် အမည်ပြောင်းလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ပြည်တွင်းသတင်းနှင့်ဆောင်းပါး**

# ဟိုင်းလပ်ယာဉ်များ ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်း ပြေးဆွဲခွင့် ဧပြီ ၃၀ ရက်အထိ ထပ်မံတိုးမြှင့်

**သတင်း-ကိုကြီးတင်**
**ဓာတ်ပုံ-ဘော်ဂါသွေး**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာ နယ်နိမိတ်အတွင်းသို့ ခရီးသည်တင် ဟိုင်းလပ်ယာဉ်များ နောက်ဆုံးရက်အဖြစ် ပြေးဆွဲခွင့်ကို ဖေဖော်ဝါရီ ၂၈ ရက်အထိ ပထမတစ်ကြိမ်၊ ထိုမှ အများပြည်သူခရီးသွားများ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများ ပိုမိုအဆင်ပြေစေရေးအတွက် ဒုတိယအကြိမ်အဖြစ် မတ် ၃၁ ရက်သို့ ပြောင်းရွှေ့သတ်မှတ်မှု ပြုခဲ့သည်။

သတ်မှတ်ရက် မတိုင်မီရက်များကပင် ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများက ၎င်းတို့၏အခက်အခဲများကို တင်ပြတောင်းဆိုခဲ့ကြသည်။ ဧပြီ ၂ ရက်က ကညန (တိုင်းဒေသကြီး)မှ တာဝန်ရှိသူများ၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန (တိုင်းဒေသကြီး)မှ တာဝန်ရှိသူများ၊ မထသ (ဗဟို)မှ တာဝန်ရှိသူများနှင့် ဟိုင်းလပ်ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားတို့နှင့် မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ရန်ကုန်-ပြည်လမ်းပေါ်ရှိ ရွှေညောင်ပင်စခန်းတွင် တွေ့ဆုံမှုပြုလုပ်ခဲ့ကြသည်။

ဧပြီ ၃ ရက် နံနက် ၉ နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် မထသ (ဗဟို)အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မထသ(ဗဟို)မှ တာဝန်ရှိသူများ ထပ်မံတွေ့ဆုံမှု ပြုခဲ့ကြသည်။

ရှေးဦးစွာ ကညနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်အေးလွင် (ညွှန်ကြားရေးမှူး)၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးအေးသန့် (ညွှန်ကြားရေးမှူး)နှင့် မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်တို့က ဟိုင်းလပ်ယာဉ်များကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြသည်။

မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က "တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ စီစဉ်ညွှန်ကြားမှုများကို အဖွဲ့အစည်းတစ်ခုဖြစ်သည့် မထသအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရသည့် တာဝန်ဖြစ်ကြောင်း၊ ယခု ရန်ကုန်စည်ပင်သာယာ နယ်နိမိတ်အတွင်း ခရီးသည်တင် ဟိုင်းလပ်ယာဉ်များ ပြေးဆွဲခြင်းကို တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ တင်ပြခဲ့ရာ ဧပြီ ၃၀ ရက်အထိ ထပ်မံတိုးမြှင့် ပြေးဆွဲခွင့်ပေးလိုက်ပြီဖြစ်ကြောင်း" ရှင်းလင်းပြောကြားခဲ့သည်။

တက်ရောက်လာသော ယာဉ်လိုင်းများမှ ရွှေပြည်သာစစ်မှုထမ်းဟောင်း ယာဉ်ပိုင်ရှင်များကော်မတီဥက္ကဋ္ဌ ဦးမျိုးဇော်ဦး၊ မြောက်ပိုင်းခရိုင်အောင်တံခွန်ယာဉ်လိုင်း ဒုတိယဥက္ကဋ္ဌ ဦးတင်လင်းတို့က လိုအပ်ချက်များကို တောင်းဆိုတင်ပြခဲ့ကြသည်။

ဧပြီ ၃ ရက်နံနက်က စတင်၍ ခရီးသည်တင် ဟိုင်းလပ်ယာဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲပေးလျက်ရှိနေသည်။



# ဧရာဝတီမြစ်ရေ ကနောင်ဆိပ်ကမ်းမှ မြစ်လယ်အထိ ရေနှစ်ပေခန့်သာရှိ

**မြန်အောင် ဧပြီ ၄**

ဧရာဝတီမြစ်ရေသည် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကနောင်မြို့မြစ်ဆိပ်ကမ်းမှ မြစ်လယ်အထိ ရေအနက်မှာ နွေကာလအတွင်း နှစ်ပေခန့်သာရှိတော့သည်ဟု ဒေသခံတစ်ဦးက ပြောပြသည်။

ကနောင်မြို့ မြစ်ဆိပ်ကမ်းတွင် သဲသောင်ပြင်များ ပေါ်ထွန်းလျက်ရှိပြီး မိုးတွင်းအခါတွင် မြစ်ရေများ ကမ်းပါးအထိရောက်ကာ စိုးရိမ်ရေမှတ်သို့ နှစ်စဉ်ရောက်ရှိခဲ့ပြီး ယခုလို နွေကာလ ရောက်သောအခါတွင် ဧရာဝတီမြစ်ကြောင်းများ ပြောင်းသွားပြီး ကနောင်မြို့ဆိပ်ကမ်းမှ မြစ်လယ်လောက်အထိ ရေအနက် နှစ်ပေခန့်သာရှိတော့သဖြင့် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ကလေးလူကြီးများ ရေချိုးဆင်းရင်း ဘောကွင်းများဖြင့် စည်ကားလျက်ရှိသည်။ ယခုနွေအခါ ရောက်ပါက ကနောင်မြို့ဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများ မကပ်နိုင်ကြတော့ဘဲ ဧရာဝတီမြစ် အရှေ့ဘက်မှ မော်တော်ကြီးများ ဖြတ်သန်းမောင်းနှင်လျက်ရှိပြီး မိုးတွင်းအချိန်တွင် ကမ်းပါးပြိုခြင်း၊ စိုးရိမ်ရေမှတ်ထက်ကျော်လွန်ခြင်းများကို ခံစားနေရကြောင်း ဒေသခံများထံမှ သိရသည်။

**နေဝင်းဇော်(မြန်အောင်)**



# သယ်န်းကျွန်းမြို့နယ် ရပ်ကွက်အချို့၌ လျှပ်စစ်ဓာတ်အား ခေတ္တပြတ်တောက်မည်

**ရန်ကုန် ဧပြီ ၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် သယ်န်းကျွန်းမြို့နယ်၌ ဓာတ်အားစနစ် ပိုမိုကောင်းမွန်စေရေးအတွက် ၃၃ ကေဗွီ၊ သယ်န်းကျွန်းမြောက်ခွဲရုံရှိ (၃၃/၆. ၆) ကေဗွီနှင့် ၁၀ အမ်ဗွီအေထရန်စဖော်မာများ ကြံ့ခိုင်ရေးဆောင်ရွက်ရန် ဧပြီ ၅ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်နေစဉ် ကြီးပွားရေး၊ စံပြ၊ လေးထောင့်ကန်နှင့် ဘဝမြင့်ရပ်ကွက်၊ မြယမုံ၊ ကြီးပွားရေး၊ အောင်ရတနာ၊ မေခ၊ မလိခ၊ ရွှေကိန္နရီနှင့် ကန်တော်မွန်အိမ်ရာများတွင် ဓာတ်အားခေတ္တပြတ်တောက်မည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

**မွေးမွေး(သယ်န်းကျွန်း)**

# သတင်းတို

## ရေစကြိုမြို့၌ နွေရာသီပညာဒါန အင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်သင်ကြားပေး

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ မင်းမဟော်ဘော်ဒါဆောင်ခန်းမ၌ နွေရာသီပညာဒါနအတတ်သင် အင်္ဂလိပ်စာသင်တန်းကို မတ် ၂၇ ရက်က စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ နေ့စဉ် ညနေ ၃ နာရီမှ ညနေ ၄ခွဲအထိ တစ်လတာသင်တန်းကို မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဦးသုနန္ဒက သင်ကြားပို့ချပေးလျက်ရှိသည်ဟု သိရသည်။ အဆိုပါ သင်တန်းကို နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယခုသင်တန်းသည်(၁၃)ကြိမ်မြောက်ဖြစ်၍ ပဉ္စမတန်းမှ ဘွဲ့ရအထိ သင်တန်းသား သင်တန်းသူပေါင်း ၇၀ ကို အချိန်တိုအတွင်း အင်္ဂလိပ်သဒ္ဒါအား ကျွမ်းကျင်တတ်မြောက်စေရန် အခမဲ့သင်တန်း ပို့ချပေးလျက်ရှိပြီး သင်တန်းပြီးဆုံးပါက ၃ နာရီမေးခွန်းအမှတ် ၁၀၀ ဖိုး စာမေးပွဲကို စစ်မေးလေ့ရှိသည်ဟု သိရသည်။ စာမေးပွဲအောင်မြင်သူများအား အောင်လက်မှတ်ကိုချီးမြှင့်ပေး၍ မအောင်မြင်သူများအား သင်တန်းဆင်းလက်မှတ်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# အကျော်စံပြကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲကျင်းပ

**ဓနုဖြူ ဧပြီ ၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် အကျော်စံပြကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၃ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ဖွင့်ပွဲတွင် (၃၃/၀ ဒသမ ၄) ကေဗွီ၊ ၃၁၅ ကေဗွီအေ ဓာတ်အားခွဲရုံကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်၊ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းထွန်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံ/စီးပွားဝန်ကြီး ဦးလှခိုင်နှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် ကျေးရွာမီးလင်းရေးကော်မတီက အမှတ်တရအလံများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**



**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန**
**မြေတိုင်းဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနရှိ မော်တော်ယာဉ်များတွင် အသုံးပြုရန်အတွက် အောက်ပါစက်ဆီ၊ ချောဆီ (၄)မျိုး ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| (က) | UAE အင်ဂျင်ဝိုင် | ၂ ပီပါ |
| (ခ) | PTT အင်ဂျင်ဝိုင် | ၃၀ လီတာ |
| (ဂ) | Auto ဂီယာဝိုင် | ၃၅ လီတာ |
| (ဃ) | ဘရိတ်ဆီ | ၁၃၀ လီတာ |

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၂၅-၄-၂၀၁၄ ရက်၊ ညနေ ၁၅း၀၀ နာရီနောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။

**မြေတိုင်းဦးစီးဌာန**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၃၅၈၈**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ မြေကွက်အမှတ်(ပ-၃၀၃၂၉)၊ ဧရိယာ ၀ဒသမ ၀၅၅ဧက၏ အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်အုန်းမြင့် ၁၂/အစန(နိုင်)၀၄၄၇၆၇ (ဘ) ဦးဘအောင် ကွယ်လွန်သွားပါသဖြင့် တရားဝင်ခင်ပွန်းဖြစ်သူ ဦးတိုက်မောင် ၁၂/ဒဂန(နိုင်)၀၁၀၉၁၁ (ဘ) ဦးရွှေစာမှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန**
**မြေတိုင်းဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါစက်ပစ္စည်းကိရိယာများအား ဌာနအရောက် တန်ဖိုး D.D.P (နေပြည်တော်)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | **Tender No.01/Survey Equipment/SD/2014-2015** | |
| | Server(1000TB)& Accessories | (1) Complete set |
| | Model:Dell Power Vault | |
| (ခ) | **Tender No.02/Survey Equipment/SD/2014-2015** | |
| | A-0 size wide format colour scanner | (1) Complete set |
| | Model: HP Design Jet HD-42" | |
| (ဂ) | **Tender No.03/Survey Equipment/SD/2014-2015** | |
| | Overhead Projector and screen | (1) Complete set |
| | Projector:3000 Lumens, 1024x768 pixels(at least) | |
| | Screen: Ceiling mounted motorized screen with remote control | |
| (ဃ) | **Tender No.04/Survey Equipment/SD/2014-2015** | |
| | Air Conditioner | (12) Nos |
| | Model:MITSUBISHI (Split type) (1.5 HP) | |

၂။ အိတ်ဖွင့်တင်ဒါများအား ၂၈-၄-၂၀၁၄ ရက် ၁၂း၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပြီး ၁၄း၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

**လုပ်ငန်းသုံးပစ္စည်းများဝယ်ယူမှုစိစစ်ရေးအဖွဲ့**
**မြေတိုင်းဦးစီးဌာန**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၃၀၇၃၊၀၆၇-၄၁၃၅၈၅**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အထူးသီးသန့်ရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြေသားရေကန် ၅၇ကန် (စစ်ကိုင်း ၄၊ မြင်းမူ ၁၊ မုံရွာ ၄၊ ပုလဲ ၅၊ ဘုတလင် ၃၊ ရွှေဘို ၇၊ ဝက်လက် ၁၉၊ ရေဦး ၄၊ ဒီပဲယင်း ၂၊ ကျွန်းလှ ၄၊ ကန့်ဘလူ ၄)၊ အုတ်ရေကန် (၁)ကန် (ခင်ဦး ၁)၊ စက်ရေတွင်း (၃၅)တွင်း (စစ်ကိုင်း ၁၊ မြင်းမူ ၄၊ မုံရွာ ၃၊ ပုလဲ ၃၊ ဘုတလင် ၅၊ ရွှေဘို ၂၊ ဝက်လက် ၆၊ ခင်ဦး ၁၊ ရေဦး ၁၊ ကျွန်းလှ ၁၊ ကန့်ဘလူ ၁၊ အရာတော် ၃၊ ချောင်းဦး ၂၊ ကနီ ၂)တွင်းတိမ် (၃)တွင်း (ဘုတလင် ၁၊ ရေဦး ၂) ရေပိုက်လိုင်းသွယ် (၁)ခု (ဝက်လက် ၁)၊တွင်းတိမ်တူး၍ ပိုက်လိုင်းသွယ်ခြင်း (၃)ခု(မြောင် ၁၊ ဆားလင်းကြီး ၂)တို့အား ဆောင်ရွက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၅-၄-၂၀၁၄ရက်မှစတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ရယူ၍ အောက်ပါအစီအစဉ်အတိုင်း တင်သွင်းနိုင်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါတင်သွင်းရက်** - ၅-၄-၂၀၁၄ရက်မှ ၁၅-၄-၂၀၁၄ရက်အထိ
(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖုန်း-၀၇၁-၂၂၅၃၄၊ ၂၄၃၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

## တူအဖြစ်မှ မသက်ဆိုင်ကြောင်း

မကွေးမြို့၊ အမှတ်(၂၀၂)၊ လမ်းမတော်နှင့် (၇)လမ်းထောင့် ကျွန်မ ဒေါ်သန်းညွန့်၏တူဖြစ်သူ မောင်ပြည့်ဖြိုးမောင် ၈/မကန(နိုင်) ၁၅၁၄၃၉သည် အဒေါ်ဖြစ်သူ၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၁-၄-၂၀၁၄ရက်မှစ၍ တူအဖြစ်မှ မသက်ဆိုင်တော့ပါ။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဒေါ်သန်းညွန့်**
**၈/မကန(နိုင်)၀၁၀၄၇၃**

## သတင်းတိုများ

### တောင်ကြီးမြို့နယ်၌ သန်းခေါင်စာရင်း ကောက်ယူ

ဧပြီ ၂ ရက် နံနက် ၇နာရီမှစ၍ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်တွင် သန်းခေါင်စာရင်းများ ဆက်လက်ကောက်ယူလျက်ရှိသည်။ တောင်ကြီးမြို့နယ်တွင် စာရင်းကောက်ကွက် ၅၃၄ ကွက်ရှိပြီး တာဝန်ပေးအပ်ထားသော စာရင်းကောက်များက မိမိတို့၏ကောက်ကွက်များအလိုက် သန်းခေါင်စာရင်းဆက်လက်ကောက်ယူလျက်ရှိရာ ဧပြီ ၁ ရက်အထိ အိမ်ထောင်စု ၅၀၃၀၃ စု၊ ကျား ၇၁၅၂၅၊ မ ၇၅၆၀၁ စုစုပေါင်းလူဦးရေ ၁၄၇၁၂၆ ဦး ကောက်ယူခဲ့ပြီးဖြစ်ကြောင်း သိရသည်။

